# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၇)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ အင်္ဂါနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား

## တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရီးသွားများလာရောက်လည်ပတ်လိုသည့် ဒေသများဖြစ်စေရေး ဒေသများအလိုက် သန့်ရှင်းသာယာလှပပြီး ပန်းပေါင်းဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြစေလို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်)

## နိုင်ငံတော်ကာကွယ်ရေးသည် လူငယ်တိုင်းအတွက်မွေးရာပါတာဝန်

မြန်မာနိုင်ငံရှိနေသရွေ့ တပ်မတော်ရှိနေရမည်ဖြစ်သကဲ့သို့ တပ်မတော်ရှိနေသမျှ မြန်မာနိုင်ငံတည်ရှိနေရမည်။ တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိမှုသမိုင်းနှင့်အတူ ပေါ်ပေါက်လာသည့်တပ်မတော်ဖြစ်သည်နှင့်အညီ ယနေ့တိုင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်သားဆိုသည်မှာ ပြည်သူလူထုမှပေါက်ဖွားလာသောသားသမီးများဖြင့်ဖွဲ့စည်းထားသည့်အတွက် တပ်မတော်သည်ပြည်သူ့တပ်မတော်အဖြစ် ထာဝစဉ်ရပ်တည်လျက်ရှိသည်။ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကိုဆင်နွှဲနေခြင်းဖြစ်သည်။

တရားသောစစ်ပွဲမှန်သမျှသည် အောင်မြင်ရသည်ချည်းဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်ပြည်သူတို့၏အသက်အိုးအိမ်များကို ဖျက်ဆီးနှောင့်ယှက်သူမှန်သမျှ နိုင်ငံတော်၏ရန်သူဖြစ်သည်။ အဆိုပါရန်သူများကိုတိုက်ထုတ်ပေးနေသောတပ်မတော်ကို ပြည်သူတစ်ရပ်လုံးက အားကိုးယုံကြည်ကြသည်။ တပ်မတော်သည်ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်ကိုမပြိုကွဲမပျက်စီးအောင် ထိန်းသိမ်းဆောင်ရွက်နိုင်စွမ်းရှိသည်။ တပ်မတော်ပြိုကွဲလျှင် နိုင်ငံလည်းအင်အားချည့်နဲ့ပြီးပြိုကွဲသွားမည်ဖြစ်သည်။ ပြည်ပအားကိုးပုဆိန်ရိုးအဖျက်သမားများအနေနှင့် မြန်မာနိုင်ငံပျက်စီးရေးကို မည်သို့ပင်လုပ်ဆောင်နေသည်ဖြစ်စေ တပ်မတော်ရှိနေသမျှကာလပတ်လုံး ယင်းတို့၏လုပ်ရပ်များအောင်မြင်မည်မဟုတ်ပေ။

နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏မွေးရာပါတာဝန်ဖြစ်သည်နှင့်အညီ အရွယ်ရောက်သူလူငယ်မောင်မယ်တိုင်းက နိုင်ငံတော်ကိုကာကွယ်ကြရမည်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် ပြန်လည်လေ့လာပါက တပ်မတော်အင်အားရှိသည့်အချိန်ကာလနှင့် တပ်မတော်အင်အားလျော့နည်းသည့်အချိန်ကာလများ၏ဖြစ်ရပ်များကို နှိုင်းယှဉ်ကြည့်လျှင် တပ်မတော်အင်အားရှိသောအချိန်ကာလသည် နိုင်ငံအတွက်ရွှေရောင်လွှမ်းသောခေတ်ကာလများဖြစ်ခဲ့သည်။ မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာကောင်းလှသည့်အချိန်ကာလများသည် တပ်မတော်အင်အားရှိသည့်ခေတ်ကာလများဖြစ်ခဲ့သည်ကို သတိပြုလျက် တပ်မတော်သည် အစဉ်အမြဲအင်အားတောင့်တင်းခိုင်မာနေရမည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀(က)တွင် ''တပ်မတော်သည်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်'' ဟူ၍ ခိုင်ခိုင်မာမာပြဋ္ဌာန်းထားသည်။ ထို့အတူ နိုင်ငံသားတိုင်းနှင့်ပတ်သက်၍ ပုဒ်မ - ၃၈၅ တွင် ''ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်''ဟုလည်းကောင်း၊ ပုဒ်မ-၃၈၆ တွင် ''နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်''ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။ မိမိနိုင်ငံကိုကာကွယ်စောင့်ရှောက်သော တပ်မတော်သားအဖြစ် ပါဝင်ထမ်းဆောင်ခွင့်ရရှိခြင်းမှာ နိုင်ငံတော်၏သားကောင်း၊ သမီးကောင်းများအဖြစ် မှတ်တမ်းတင်ခံရခြင်းဖြစ်သည်။ ဤအခွင့်အရေးကို လူငယ်တို့သာရရှိနိုင်မည်ဖြစ်သည်။

တပ်မတော်နှင့်တပ်မတော်သားတို့ဆိုသည်မှာ ကွာခြားချက်ရှိသည်။ တပ်မတော်သည်အမြဲထာဝရတည်ရှိနေမည်ဖြစ်သော်လည်း တပ်မတော်သားဆိုသည်မှာ အသက်အရွယ်၊ အပိုင်းအခြားအလိုက်မျိုးဆက်သစ်များကိုတာဝန်လွှဲပြောင်းပေးကြရသည်။ မျိုးဆက်သစ်အဆက်ဆက်တို့သည် တပ်မတော်ကိုပိုင်ဆိုင်ကြသူများဟုဆိုနိုင်သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သောပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာ နိုင်ငံသားမျိုးဆက်သစ်တိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြရန် စုစည်းပေးလိုက်ခြင်းဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သည်။ လူငယ်မောင်မယ်တိုင်း စစ်ပညာသင်ကြားခြင်း၊ စစ်မှုထမ်းဆောင်ခြင်းလုပ်ဆောင်ကြမည်ဆိုပါက နိုင်ငံတော်၏အနာဂတ်ကာကွယ်ရေးကဏ္ဍမှာ မြင့်မားနေမည်ဖြစ်သည်။

လူငယ်မောင်မယ်တိုင်းတွင် ရည်မှန်းချက်ကိုယ်စီရှိကြသည်။ ရည်မှန်းချက်ဆိုသည်မှာမိမိတို့ဖြစ်ချင်သည့်ဆန္ဒကိုအခြေခံသည်။ မိမိသည်နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရင်း တစ်ဆင့်ထက်တစ်ဆင့်မြင့်မားသောတာဝန်များကို ထမ်းဆောင်နိုင်သူအဖြစ်ကြိုးစားနိုင်သည်။ ဆန္ဒရှိသူ၊ ဝီရိယရှိသူသည် ကြိုးစားလုပ်ဆောင်မည်ဆိုပါက ရည်မှန်းချက်ကိုအောင်မြင်စွာရောက်ရှိမည်ဖြစ်သည်။ ရည်မှန်းချက်ကိုအောင်မြင်အောင်ကြိုးစားရန်မှာ အောင်မြင်ရမည်ဆိုသည့်အောင်စိတ်ရှိရန်လွန်စွာအရေးကြီးလှသည်။ ဖြစ်မှဖြစ်ပါ့မလားဟူသော စိတ်ဓာတ်ထက် ဖြစ်ကိုဖြစ်ရမည်ဆိုသည့်စိတ်သည် လူငယ်တိုင်းထားရှိရမည့်စိတ်ဖြစ်သည်။ ရှေးအစဉ်အဆက်က ဘိုးဘွားမိဘများသည် မြန်မာနိုင်ငံကြီးကိုတည်ထောင်ခဲ့ကြသည်။ ယနေ့ မိမိတို့လူငယ်များလက်ထက်တွင်လည်း ဘိုးဘွားအမွေဖြစ်သည့်နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ကြရမည်ဟူ၍ တွေးဆဆင်ခြင်ကာ လူငယ်တိုင်းနိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းမှာ မွေးရာပါတာဝန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအားပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇-၄၃၁၀၆၂၊ ၀၆၇-၄၃၁၃၅၉၊ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

**(ဗဟိုသန်းခေါင်စာရင်းကော်မရှင်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၅ | မေတ္တာပို့ |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၇:၄၅ | မျိုးချစ်တပ်မတော် |
| ၅။ | ၈:၁၅ | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၉:၄၅ | Sharing Knowledge |
| ၇။ | ၉:၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၈။ | ၁၀:၁၀ | အမျိုးသားရေးတေးကဗျာ |
| ၉။ | ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၀။ | ၁၁:၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁။ | ၁၁:၄၅ | မြတ်ဗုဒ္ဓ၏သာသနာ(Rep) |
| ၁၂။ | ၁၂:၂၅ | ကျန်းမာသုတ |
| ၁၃။ | ၁၄:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း (၇-၈ နာရီ) (Rep) |
| ၁၄။ | ၁၆:၂၅ | Sport Review |
| ၁၅။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၆။ | ၁၈:၄၅ | Movies and Movies |
| ၁၇။ | ၁၉:၀၀ | **(၃၈) ဖြာ မင်္ဂလာ တပေါ်စ** |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မုံရွာမြို့ ပြည်ထောင်စုဈေး၌ ကုန်စိမ်းပွဲရုံ ၁၂ ရုံ တည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်



မုံရွာ အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှကြီးမှူး၍ မုံရွာမြို့ ပြည်ထောင်စုဈေး၌ ကုန်စိမ်းပွဲရုံ ၁၂ ရုံကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါကုန်စိမ်းပွဲရုံများ တည်ဆောက်ခြင်းစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအတွက် စုစုပေါင်း ငွေကျပ် ၁၄၅၉ ဒသမ ၅၃၄ သန်းခန့် အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့မှာ လုပ်ကိုင်နေကြတဲ့ တချို့ကုန်စိမ်းပွဲရုံတွေက မြို့ထဲမှာရှိတဲ့ လမ်းဘေးနေရာတွေမှာကျူးကျော်ပြီး ရောင်းချနေတာတွေရှိတယ်။ အဓိကအားဖြင့် ပြည်ထောင်စုလမ်းရဲ့ တချို့နေရာတွေမှာ လမ်းကိုကျူးကျော်ပြီး ရောင်းချနေတာတွေကြောင့် ယာဉ်အန္တရာယ်တွေဖြစ်နိုင်တဲ့အပြင် မြို့အင်္ဂါရပ်နဲ့လည်းမညီလို့ ကုန်စိမ်းပွဲရုံတွေကို တစ်နေရာတည်းမှာ စည်းကမ်းတကျရောင်းချနိုင်အောင် အခုလို မုံရွာမြို့ ပြည်ထောင်စုဈေးမှာ ကုန်စိမ်းပွဲရုံတွေ တည်ဆောက်နေတာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းကပြောသည်။

ယခုအခါ မုံရွာမြို့ ပြည်ထောင်စုဈေး၌ ကုန်စိမ်းပွဲရုံ ၁၂ ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သော ကုမ္ပဏီငါးခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဈေးရုံတစ်ရုံတွင် အလျား ပေ ၃၀၊ အနံပေ ၂၀ ရှိသော အခန်း ရှစ်ခန်း ပါရှိမည်ဖြစ်ကာ ဈေးရုံ ၁၂ ရုံတွင် စုစုပေါင်း အခန်း ၉၆ ခန်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စိမ်းပွဲရုံများ တည်ဆောက်ခြင်းအပြင် ပြည်ထောင်စုဈေးရင်ပြင်အား ကွန်ကရစ်ခင်းခြင်း၊ ဈေးပတ်လည် အုတ်တံတိုင်းကာရံခြင်း၊ ဈေးအဝင်နေရာ၌ Box Culvert နှစ်စင်း ဆောက်လုပ်ပြီး သံပန်းတံခါးများတပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများသွယ်တန်းခြင်း၊ လျှပ်စစ်မီးလိုင်းများသွယ်တန်းခြင်းနှင့် အများသုံးသန့်စင်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဈေးတောင်ဘက်၌ရှိသော လယ်တီကန်ပတ်ဝန်းကျင်ကိုလည်း အများပြည်သူ အပန်းဖြေအနားယူနိုင်သောနေရာတစ်ခုဖြစ်စေရန် ပြုပြင်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဓနိလျာထားဧက ၆၀၉၈ ဧကစိုက်ပျိုးပြီးစီး



ငပုတော အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဓနိလျာထားဧက ၆၀၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်း၏ပြောပြချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဓနိ ၆၀၉၈ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်က တောင်သူတွေက စပါးအပြင် ဓနိနဲ့တခြားသီးနှံတွေ စိုက်ပျိုးပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းက ဒေသစီးပွားရေးလုပ်ငန်းတစ်ခုထဲမှာ ပါဝင်ပါတယ်။ ဒီနှစ် ဓနိ ၆၀၉၈ ဧက အထိလျာထားစိုက်ပျိုးနိုင်ပါတယ်။ ဒေသရဲ့ ဓနိလိုအပ်ချက်က နှစ်စဉ်ရှိနေပါတယ်။ တိုးချဲ့စိုက်ပျိုးနိုင်ရင် ပိုပြီးအဆင်ပြေမှာပါ။ ဓနိဈေးနှုန်းက အရင်နှစ်တွေထက် ဒီနှစ်မှာ ဈေးပိုရနေပါတယ်" ဟု ဦးကျော်စွာထွန်းကပြောသည်။

ငပုတောမြို့နယ်၌ ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၉ ရွာမှဒေသခံတောင်သူများက အများဆုံးလုပ်ကိုင်ကြကြောင်း၊ ဒေသထွက်ဓနိများကို ဒေသဈေးကွက်အပြင် တခြားမြို့နယ်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်း(၁/၂၀၂၄)ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက မြို့နယ်အတွင်းဖွဲ့စည်းထားပြီးသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပညာရပ်များ၊ ကယ်ဆယ်ရေးပညာရပ်များ တတ်မြောက်စေရေးနှင့် စည်းကမ်းသေဝပ်မှုရှိစေရေးတို့အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းများကို နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့သည် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာကို အခြေခံပြီး စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ရသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့၏ရည်မှန်းချက်တာဝန် (၄) ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး ဟူသည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအနေဖြင့် သိသင့်သိထိုက်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မီးသတ်ပညာရပ်များ၊ ကယ်ဆယ်ရေးဆိုင်ရာပညာရပ်များကို အခြေခံမှစ၍ သင်ကြားပေးမည်ဖြစ်သည့်အတွက် သင်တန်းပြီးမြောက်သည်အထိ လေ့လာဆည်းပူးသင်ယူကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့်လက်တွဲ၍ ဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်နိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများအတွက် တူညီဝတ်စုံများပေးအပ်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာလ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက် ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ (၂၈၅)

မြဝတီ ကာတွန်း



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

ရွာသို့ပြန်အရောက်တွင် ဦးမွှီးဖြူအောင်က သူ့ကို ကမ်းထောင်းကြီးရွာသို့ ပို့ပေးပါ။ ကမ်းထောင်းကြီး ကဆိုလျှင် အမ်းမြို့နယ် ရှူးရွာသို့အသွားအလာ အဆက်အသွယ်ရှိသည်ဟုပြောသည်။ ရှူးရွာသို့ရောက် လျှင် ကိုယ့်အမ်းမြို့နယ်တွင်းဖြစ်၍ သွား၍လာ၍ လွယ်ကူသွားပြီဟုပြောသည်။ သို့ဖြစ်၍ ကျွန်တော်၏ ခရီးသွားဖက်၊ ကုန်ကူးဖက်ဖြစ်သည့် အမ်းမြို့နယ် ကျားခိုက်ရွာသား ဦးမွှီးဖြူအောင်ကို ကျွန်တော်ကိုယ် တိုင်ပဲ လှေကလေးနှင့်လှော်ပြီး ကမ်းထောင်းကြီးရွာ သို့ ပို့ပေးလိုက်သည်။ ဦးမွှီးဖြူအောင်က သူ့မှာ အရင်း အနှီးစိုက်ပြီးလုပ်ထားသော မဒမထင်းများ ငွေအဖြစ် ပြန်လည် လည်ပတ်သွား၍ ကျွန်တော့်ကို အထူး ကျေးဇူးတင်ကြောင်း ပြောကြားသွားသည်။

ကျွန်တော်သည် ဦးမွှီးဖြူအောင်ကို ကမ်းထောင်း ကြီးရွာသို့ပို့ပေးပြီး နောက်တစ်နေ့ ကျွန်တော်၏ ကုန်ရောင်းကုန်ဝယ်ခရီးစဉ် နောက်တစ်ခု စခဲ့ပါလေ ပြီ။ ကျွန်တော်သည် စစ်တွေမြို့ကဝယ်ယူခဲ့သော ကလေးဝတ်အဝတ်အထည်များကို လှေကလေးတစ် စင်းဖြင့် တစ်ရွာဝင် တစ်ရွာထွက် လည်ရောင်းသည်။ လူသုံးကုန်ပစ္စည်းရှားပါးချိန်ကာလမျိုးဖြစ်၍ ကျွန် တော့်မှာ ဝယ်ယူလာခဲ့သော ကလေးအဝတ်အထည် များကို ရွာလေးရွာသို့ လှည့်လည်ရောင်းအပြီးတွင် အားလုံးရောင်းကုန်သွားလေသည်။ ကျွန်တော် ငွေကျပ် ၁၅၀ ခန့် လက်ကျန်ရရှိခဲ့ပါ၏။

■ ■ ■ ■ ■ ■ ■

## ကျွန်တော် ဆယ်တန်းအောင်ပြီ

၁၉၇၇-၁၉၇၈ ခုနှစ် ပညာသင်နှစ်စခဲ့ပြီဖြစ်၍ တောင်လေမုတ်သုံ သိုင်းဖွဲ့ခြုံကာ ပဇ္ဇုန်မိုးမင်း ဇာတ်စုံခင်းလေပြီ။ ကျွန်တော် ကျောင်းဆင်းလို့ ညနေစာစားအပြီး အိမ်ရှေ့ခန်းလေးမှာ ထိုင်နေတုန်း မှာပဲ

"ကိုဘညွန့်...ကိုဘညွန့်၊ ကိုဘညွန့် စာမေးပွဲ အောင်တယ်"

ကျွန်တော့်ဆီသို့ ဆရာသန်းရွှေ ခပ်သွက်သွက် ပြေးလာရင်း အရယ်အပြုံးတစ်ပွေ့တစ်ပိုက်နှင့် အားရ ဝမ်းသာပြောရှာသည်။ ကျွန်တော်လည်း ဘယ်လို ဖြစ်သွားမှန်းမသိ၊ အိမ်ရှေ့ခန်းလေးက ဖြုန်းခနဲ ခုန်ဆင်းပြီး ဆရာသန်းရွှေလက်ကို သွားဆွဲပစ်လိုက် သည်။

"ဟုတ်တယ်ဗျ၊ ကိုအုန်းပွင့် မြို့ကရောက်လို့ သူ့မှာ ဒီနှစ်ဆယ်တန်းအောင်စာရင်း ရလာခဲ့တယ်လေ။ အဲဒီမှာ ကျွန်တော်ကြည့်ခဲ့တာ ကိုဘညွန့်နာမည် တွေ့ခဲ့တယ်"

"ဟုတ်လို့လား ဆရာရယ်၊ ကိုယ်က ဟုတ္တိပတ္တိဖြေ နိုင်ခဲ့တာမှ မဟုတ်တာ"

"ဟုတ်တယ်ဗျ၊ မြေပုံစာစစ်ဌာနဆိုတာမှာ တွေ့ခဲ့ တာ၊ ကိုဘညွန့်နာမည်မျိုး ဒီခေတ်မှာ တခြားမရှိနိုင် ပါဘူးဗျာ၊ ကိုဘညွန့် သွားကြည့်လိုက်လေ"

ကိုအုန်းပွင့်မှာ အဋ္ဌမတန်းလောက်ပညာသင်ဖူး၍ ပညာရေးကိုစိတ်ဝင်စားသူဖြစ်သည်။ သူ မြေပုံမြို့သို့ ရောက်ခိုက် အခြေခံပညာအထက်တန်းအောင်စာရင်း ကို ရလာခဲ့လေရော့သလားမသိ။ ရွာချောင်းစပ်ဘက် ရှိ ကိုအုန်းပွင့်အိမ်သို့ ကျွန်တော် သုတ်ခြေတင်ခဲ့သည်။ ကိုအုန်းပွင့်ကို အဆင်သင့်ပင် တွေ့လိုက်ရသည်။ ကျွန်တော့်ကိုမြင်တော့ ကိုအုန်းပွင့် ပြုံးပြသည်။

"ဆရာသန်းရွှေကတော့ ဆရာဘညွန့်အောင် တယ်လို့ပြောပြီး အားရဝမ်းသာထွက်သွားလေရဲ့"

ကိုအုန်းပွင့် အောင်စာရင်းစာရွက်ကို ကျွန်တော့် အား လှမ်းပေးသည်။ ကျွန်တော် အသည်းတထိတ် ထိတ်နှင့် ကြည့်လိုက်သည်။ ဟော မြေပုံစာစစ်ဌာန တွေ့ပါသည်။ ကျွန်တော် လက်ညှိုးကလေးထောက် ပြီး ခုံနံပါတ်စဉ်အလိုက် တစ်ယောက်ချင်းလိုက်ကြည့် သည်။ (က) စာရင်းဖြင့် အောင်မြင်ကြသူများ ဆုံးသွား ပေပြီ။ ကျွန်တော့်အမည်နှင့် ကျွန်တော့်ခုံနံပါတ်ကို ကား မတွေ့။ ကျွန်တော့်ရင် တော်တော်ခုန်နေသည်။

ဒဖ ၁၆၃ မောင်ဘညွန့်

"အောင်ပြီဟေ့၊ ဘညွန့် ဆယ်တန်းစာမေးပွဲအောင် ပြီဟေ့"

"ကျောင်းဆရာဖြစ်တော့မယ်ဗျို့၊ ဆယ်တန်း အောင်ပြီ၊ ကျွန်တော် ဆယ်တန်းအောင်ပြီ"

ကျွန်တော် ဘယ်လိုတွေဖြစ်သွားမှန်းမသိ၊ အော် ရင်းနှင့် ပြေးမှန်းမသိ ပြေးနေပေတော့သည်။

တချို့က ကျွန်တော်ဘာဖြစ်သွားတာလဲဆိုသည့် သဘောဖြင့် ဟိုကထွက်ကြည့်၊ ဒီကထွက်ကြည့်နှင့် သုတ်သီးသုတ်ပျာဖြစ်ကုန်ကြတော့သည်။

ကျွန်းစဉ်နယ်သည် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးစ ကာလကပင်ဗ.က.ပ (ဗမာပြည်ကွန်မြူနစ်ပါတီ) ၏ လွှမ်းမိုးမှုအောက်ရောက်ခဲ့ကြရာ ကျေးလက်နေ တောင်သူလယ်သမားတို့၏ သားသမီးများမှာ ပညာ သင်ကြားခွင့်မရရှိခဲ့ကြ။ ယောကျ်ားလေးများဆိုလျှင် ဘုန်းတော်ကြီးကျောင်းများတွင်ထားပြီး သေစာ ရှင်စာလေးလောက် ဖတ်တတ်ရုံပဲ ရှိကြသည်။ ၁၉၆၀ ပြည့်နှစ်ရောက်မှသာ ကျွန်းစဉ်နယ်တွင် လေး တန်းအောင်ဟူသည် ရှိလာခဲ့ပေသည်။ သို့သော် လေး တန်းပဲအောင်သည်၊ အလယ်တန်း၊ အထက်တန်းကို ဆက်သင်မည့်သူ မရှိသလောက်ပင်ဖြစ်သည်။ ခု ကျွန်တော်တစ်ယောက်ပဲ ရေသန်ချောင်းတွင်းက ကျူပင်ငယ်သဖွယ် ကျွတ်ထွက်လွင့်စဉ်မသွားရေး အတွက် ယိမ်းခါလှုပ်ယမ်းကာ ကြံ့ကြံ့ခံရင်း လှုပ်ရှား ရုန်းကန်ခဲ့လို့ ဆယ်တန်းဆိုတာမျိုးသို့ မရဲတရဲရောက် လာခဲ့ပြီး ခုဆို ဆယ်တန်းအောင်သည်ဆိုတာမျိုး တောင် ဖြစ်လာခဲ့ချေလေပြီ။ ကျွန်တော့်မှာ ဆယ်တန်း အောင်ခဲ့ပြီဆိုသောအသိဖြင့် ကိုယ့်ကိုယ်ကိုယ် ပိုပြီး ယုံကြည်မှုရှိလာသည်။ နေရထိုင်ရသည်မှာ လွတ်လပ် လာသည်။ စာပေသင်ကြားရေးမှာလည်း စိတ်လက် ပေါ့ပါးအားရကျေနပ်မှုရှိလာသည်။

● ● ● ● ● ● ●

မိုးနှောင်းရာသီရောက်ခဲ့ပြီဖြစ်သော်လည်း ကမ်းရိုး တန်းမိုးက မကုန်ချင်သေး။ စွေတစ်ခါ၊ ဖွဲတစ်လှည့်နှင့် ရွာနေတုန်းပင်။ ကျွန်တော် စာရွက်တစ်ရွက်ကိုကိုင် ပြီး မိုးဖွဲဖွဲထဲက ခပ်သွက်သွက်လှမ်းလာခဲ့သည်။

"သားကြီး ဘာဖြစ်လာတာလဲ"

"ဒီမှာ အဖေရဲ့၊ မြို့နယ်အလုပ်သမားအစည်းအရုံး က ခေါ်လိုက်တဲ့စာလေ၊ သားကို အလုပ်ခန့်တော့မှာ ဗျ"

"ဟေး ငါ့သားကြီး ကျောင်းဆရာဖြစ်တော့မယ် ဟေ့"

အဖေ၏ရင်ဘတ်ထဲမှ ဝမ်းသာသောအသံကြီး မြည်ဟည်းသွားသည်။

"ပျော်လိုက်တာ အဖေရယ်၊ အမေရှိရင် ဘယ် လောက်ဝမ်းသာမလဲ မသိဘူးနော်"

သားအဖနှစ်ယောက်၏မျက်နှာပြင်တွင် ဝေဒနာ ရိပ်များ ယှက်သန်းသွားကြပြန်သည်။

"ဘယ်တော့ သွားရမလဲတဲ့ သား"

"ရက်စွဲတောင် မကြည့်မိသေးဘူး"

ကျွန်တော် စာရွက်လေးကို စူးစူးစိုက်စိုက်ကြည့် လိုက်၏။

"ဟာ ဒါမှဒုက္ခပဲ၊ စက်တင်ဘာ ၂၅ ရက်နေ့ နံနက် ၁၀ နာရီအရောက်တဲ့"

"ဒီနေ့ ဘယ်နှရက်ရှိပြီလဲ"

"၂၄ ရက်ရှိပြီလေ အဖေရဲ့"

"ဟုတ်ပဲ့ါဗျာ၊ စာရောက်တာကလည်း ကပ်နေပြီ"

အဖေ တစ်ချက်တွေသွားသည်။ အဖေ့မှာ ကျွန် တော် ကျောင်းဆရာအလုပ်ကို ရတော့မည်ကြား၍ အားရဝမ်းသာဖြစ်ကာ ငပသုန်ရွာမှ ရောက်လာခြင်း ဖြစ်ပေသည်။

"ကမ်းထောင်းကြီး သွားကြည့်ကြမယ်ကွာ၊ မြေပုံ မြို့ကို လိုင်းစက်လှေ ရှိချင်ရှိမှာ"

"ဟုတ်သားပဲ၊ အဖေ သားပဲသွားလိုက်ပ့ါမယ်၊ အဖေက သိပ်ပြီးနေကောင်းတာမဟုတ်ဘူး၊ မလိုက် ပါနဲ့"

ကျွန်တော်အိမ်ပေါ်သို့ပြေးတက်ပြီး လိုအပ်သော စာရွက်အထောက်အထားများနှင့် အဝတ်နှစ်စုံလောက် လွယ်အိတ်ထဲထည့်လိုက်သည်။ ထမင်းမစားရသေး သည်ကိုပင် သတိမရနိုင်ခဲ့။ လှေကလေးတစ်စင်းငှား ပြီး လှော်ထွက်လာခဲ့လေတော့သည်။ သရက်တောင် ရွာနှင့် ကမ်းထောင်းကြီးရွာသည် ရေစုန်ဆိုလျှင် တစ်နာရီခွဲလှော်ရသည်။ ယခု ဒီရေကျချိန်မို့ ရေဆန် ဖြစ်နေသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## ကျိုက်မရောမြို့နယ်၌ ၃၈ ဖြာယဉ်ကျေးလိမ္မာသင်တန်း(၃/၂၀၂၄)ဖွင့်ပွဲကျင်းပ



ကျိုက်မရော အောက်တိုဘာ ၂၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှကြီးမှူးကျင်းပသော ၃၈ ဖြာယဉ်ကျေး လိမ္မာသင်တန်း (၃/၂၀၂၄) ဖွင့်ပွဲအခမ်း အနားကို အောက်တိုဘာလ ၂၀ ရက်က ရန်မျိုးအောင်ရပ်ကွက်ရှိ ရသေ့ကျောင်း တိုက်ဓမ္မာရုံ၌ ကျင်းပကြောင်း သိရ သည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ၍ ဖွင့်လှစ်ကြသည်။ ထို့နောက် အခမ်း အနားသို့တက်ရောက်လာကြသော ဧည့် ပရိသတ်များက သီရိဇေယျာကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက် တည်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ် YMBA အသင်းဥက္ကဋ္ဌ ဦးကြည်သိန်းက သင်တန်း ဖွင့်အမှာစကားပြောကြားပြီး မြို့နယ် သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုဘိုကျော်က သင်တန်းဆိုင်ရာများ ကိုရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျိုက်မရောမြို့ နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အခြေခံပညာအလယ်တန်းကျောင်းများ မှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်ကြသည်။ အဆိုပါ ၃၈ ဖြာ ယဉ်ကျေးလိမ္မာသင်တန်းကို အောက်တို ဘာလ ၂၀ ရက်မှ ဒီဇင်ဘာလ ၂၈ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရ သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်း တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေနှင့် ဇာတ်ကြီးဆယ်ဘွဲ့အပါအဝင် (၃၈) ဖြာ မင်္ဂလာတရားတော်များကို သင်တန်း နည်းပြဆရာ၊ ဆရာမများက စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်း သိရ သည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို





နေပြည်တော် အောက်တိုဘာ ၂၁

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများလှူဒါန်းကြကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ သာသနိကအဆောက်အအုံများ၊ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့်ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီတော်များနှင့် အဂ္ဂါမိပတိ သာသနဝံ့ဗိမာန်တော်ကြီးကို ကြည့်ရှုလေ့လာဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်ရှိရတနာဆင်ဖြူတော်များကိုကြည့်ရှုလေ့လာ၍ အာဟာရဒါနကျွေးမွေးကြသည်။

ထို့ပြင် နေပြည်တော် Junction Center နှင့် ဥတ္တရသီရိ Ocean Super Center တို့သို့ သွားရောက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## သီတင်းကျွတ်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ ခရီးသွားဧည့်သည်တစ်သောင်းကျော် လာရောက်လည်ပတ်



ငွေဆောင် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ သီတင်းကျွတ်ရုံးပိတ်ရက်ကာလဖြစ်သော အောက်တိုဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် တစ်သောင်းကျော် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လာရောက်လည်ပတ်ရာတွင် သီတင်းကျွတ်ကာလဖြစ်သော အောက်တိုဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ပြည်တွင်းခရီးသွားဧည့်သည် ၁၅၄၄၁ ဦး၊ ပြည်ပခရီးသွားဧည့်သည် ၇၁၀ ဦး စုစုပေါင်း ၁၆၁၅၁ ဦး လာရောက်အပန်းဖြေခဲ့ကြသည်။

အဆိုပါငွေဆောင်ကမ်းခြေသို့ နှစ်စဉ်ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလာစေရေးနှင့် ကမ်းခြေခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မြို့အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငွေဆောင်ဟိုတယ်ဇုန်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အခြေခံသင်တန်းနှင့် နိုင်ငံခြားဘာသာစကား အခြေခံသင်တန်းများ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူး ပြည်သူများအနက် ဦးရေ ၂ သန်းပြည့်မြောက်သည့်ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများဂုဏ်ပြုပေးအပ်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေ ၂ သန်းပြည့်မြောက်သည့်ဘုရားဖူးပြည်သူ မကေဇော်ရှင်းသန့်အား ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ယခင်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ်စည်ကားလျက်ရှိသည်။

ထိုသို့မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ဩဂုတ်လ ၈ ရက်နေ့မှစ၍ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူပြည်သူ ၂ သန်းကျော်အနက်မှ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာ (၁၅-၂၀)စန္ဒရားအတီးပြိုင်ပွဲ(ရောဝတီတိုင်း)မှ ပြိုင်ပွဲဝင်လာရောက်ခဲ့သော ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ မကေဇော်ရှင်းသန့်သည် ဦးရေ ၂ သန်းပြည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၂ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့်မကေဇော်ရှင်းသန့်နှင့် မိဘဖြစ်သူများအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မကေဇော်ရှင်းသန့်နှင့် မိဘများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ ၂ သန်းမြောက် ဘုရားဖူးပြည်သူဖြစ်လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုနှင့်အညီ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၂ သန်းမြောက် ဘုရားဖူးပြည်သူ မကေဇော်ရှင်းသန့်အား ဓမ္မလက်ဆောင်အဖြစ် ဉာဏ်တော် ၉ လက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသမိုင်းကြောင်းစာအုပ်ကို ပေးအပ်ခဲ့ကြောင်းသိရသည်။ (၁၀၀)

## ဆင်အုံကန်မှတစ်ဆင့် တိုးချဲ့ရေပေးဝေရေး စီမံကိန်းဆောင်ရွက်မည့်အခြေအနေကို နေပြည်တော်ကောင်စီဥက္ကဋ္ဌကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် ချောင်းမငယ်ဆည်ရေအား ဆင်အုံကန်မှတစ်ဆင့်တိုးချဲ့ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်မည့်အခြေအနေအား သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ချောင်းမငယ်ဆည်ရေကို ဆင်အုံကန်မှတစ်ဆင့် ရယူသုံးစွဲရာ၌ ဆင်အုံကန်တွင် ပွန်တွန်းများထားရှိပြီး ရေတွန်းပန့်များ တပ်ဆင်ကာ ဓနသိဒ္ဓိ ရေပေးရေးဝင်းသို့ ပို့ဆောင်သန့်စင်ပြီး တစ်ရက်လျှင် ရေဂါလန်ခြောက်သန်း တိုးချဲ့ပေးဝေနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေပေးဝေရာတွင် အကျိုးရှိစေရေး သုံးစွဲနိုင်မည့်လူဦးရေစာရင်းအား စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်၊ လက်ရှိပေးဝေနေသည့် နေရာများတွင် ရေပြတ်လပ်မှုမရှိစေရေးနှင့် ရေပိုက်များပေါက်၍ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## EV Training of Trainers သင်တန်း(၂/၂၀၂၄) ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၁

EV Training of Trainers သင်တန်း (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်၍ ကမ္ဘာ့စွမ်းအင်အကျပ်အတည်းနှင့် ကာဗွန်ကင်းစင်ရေးပန်းတိုင်ကြောင့် နိုင်ငံတကာ၌ EV သုံးစွဲမှုများ တစ်ရှိန်ထိုးမြင့်တက်လာသည်ကိုတွေ့ရှိရပြီး မိမိတို့နိုင်ငံတွင်လည်း သုံးစွဲမှုမြင့်တက်လာနေကြောင်း၊ ထို့ကြောင့် EV သုံးစွဲသည့်ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သတ်မှတ်စံနှုန်း၊ ညွှန်ကြားချက်များနှင့်အညီ အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲများအပြင် EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်အပေါ်မူတည်၍ လက်တွေ့ကျသောသင်တန်းများကိုဖွင့်လှစ်ပေးလျက်ရှိကြောင်းပြောကြားပြီး EV Workshop ၌ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများဖြင့် သင်တန်းသားများ လေ့လာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းသို့ ပြင်ပ EV ကုမ္ပဏီများမှ သင်တန်းသား ၁၃ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၁၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပင်းတယမြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား ပန်းရန်သင်တန်းဖွင့်လှစ်

ပင်းတယ အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၂၁ ရက်တွင် အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦးက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်က သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပံ့ပိုးပေးသည်။

အဆိုပါသင်တန်းသို့ ပင်းတယမြို့နယ် တမဲကျေးရွာမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လက်သမား၊ ပန်းရန်ပညာများကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့လက်တွေ့ဖြင့် တစ်လကြာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**

# ဓနုဖြူမြို့နယ်၌ ဆီထွက်သီးနှံ(မြေပဲ နှမ်း နေကြာ) စီမံကိန်း တာဝန်ပေးအပ်ပွဲကျင်းပ



ဓနုဖြူ အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ၏ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်း တာဝန်ပေးအပ်ပွဲကို အောက်တိုဘာလ ၂၁ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မအူပင်ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဆီထွက်သီးနှံအထူးဇုန်(၂) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်လှဲ့လှဲ့ဦးက အထူးဇုန်စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်က ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများထံ ယခုနှစ်ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ဆီထွက်သီးနှံအထူးဇုန်(၂)တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်လှဲ့လှဲ့ဦး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

ပုသိမ် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပုသိမ်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သက်သက်၏ ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ အောက်တိုဘာလ ပထမပတ်မှစ၍ စားတော်ပဲများ အဝယ်လိုက်လာကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ပတ်လျှင် စားတော်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၂၀၀ မှ ၈၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုများလာတာကြောင့် အခုလိုအရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက ပြီးခဲ့တဲ့ ဆောင်းလက်ကျန် ပဲအဟောင်းတွေပါ။ စားတော်ပဲအရောင်းအဝယ်ကောင်းလာတော့ ဆက်စပ်လုပ်ကိုင်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်။ လက်ရှိ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်မြို့ကပါ ဝယ်လိုအားကောင်းလာပါတယ်" ဟု ဒေါ်သက်သက်ကပြောသည်။

ပုသိမ်မြို့နယ်၌ စားတော်ပဲအပါအဝင် တခြားပဲများကို စနစ်တကျသန့်စင်ပြီး တခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသ၌ ဒေသခံများက စားတော်ပဲကို တခြားသီးနှံများနှင့်ယှဉ်တွဲပြီး တောင်သူတစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကအထိ စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြစ်သားမြို့နယ်ရှိ ကျေးလက်နေတောင်သူများ တစ်နိုင်တစ်ပိုင် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လာကြ

မြစ်သား အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ကျေးလက်နေတောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လာကြကြောင်း သိရသည်။


ဝက်သားပေါက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဝက်သားပေါက်များကို သတ်မှတ်ထားသည့် အသက်အရွယ်အလိုက် မျိုးကောင်းမျိုးသန့်ရရှိစေရေးအတွက် သားဖြတ်ခြင်း၊ သံဓာတ်အားတိုးဆေးထိုးပေးခြင်း၊ ဝက်ထီးများအား သင်းကွပ်ခြင်း၊ ဝမ်းကျရောဂါကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ရပြီး မွေးကင်းစအရွယ်မှစ၍ စနစ်တကျပြုစုပေးရကြောင်း သိရသည်။

ဝက်သားပေါက်များအား အစာစားတတ်စေရန် တစ်ပတ်သားအရွယ်မှစ၍ လေ့ကျင့်ပေးပြီး ၃၅ ရက်သားအရွယ်တွင် မိခင်နှင့်သားခွဲနေထိုင်စေကာ ၄၅ ရက်သားအရွယ်တွင် စတင်ရောင်းချနိုင်သည်။

သားဖောက်ဝက်မကြီးသည် တစ်သားလျှင် ၁၀ ကောင်မှ ၁၄ ကောင်အထိ ပေါက်ပွားနိုင်ပြီး တစ်လခွဲနှင့် နှစ်လသားအရွယ်တို့တွင် စတင်ရောင်းချနိုင်၍ ဝက်သားပေါက်တစ်ကောင်လျှင် အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများသည် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့်ကျွဲများကို မွေးမြူခြင်းဖြင့် နွားချေး၊ ကြက်ချေး၊ ဝက်ချေးတို့ကို လယ်ယာမြေအတွက် လိုအပ်သော သဘာဝမြေသြဇာများအဖြစ် အသုံးပြုရန် ရောင်းချရသောကြောင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**



# ရာသက်ပန်သက်သတ်လွတ်စားသူများအတွက် လိုအပ်သောအာဟာရဓာတ်များ

ပေါက်ပေါက်



သက်သတ်လွတ်ဆိုရာတွင် နို့ထွက်ပစ္စည်း၊ ပျားရည်နှင့် တခြားတိရစ္ဆာန်များမှရရှိသောပစ္စည်းအားလုံးကို ရှောင်ကြဉ်ခြင်းကို ဆိုလိုသည်။ ကမ္ဘာတစ်ဝန်းရှိ လူတချို့သည် ကျန်းမာရေးကြောင့်ဖြစ်စေ၊ ဘာသာရေးသက်ဝင်ယုံကြည်ချက်ကြောင့်ဖြစ်စေ၊ သား၊ ငါးကိုမနှစ်သက်၍ဖြစ်စေ၊ မိမိကိုယ်တိုင်ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံတို့ကိုသာ ပိုမိုနှစ်သက်၍ဖြစ်စေ သက်သတ်လွတ်စားသုံးလေ့ရှိကြသည်။ ဘဝတစ်လျှောက်လုံး သက်သတ်လွတ်စားသူများရှိသကဲ့သို့ ကာလအပိုင်းအခြားတစ်ခုခုဖြင့် စားသုံးသူများလည်းရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ရည်ရွယ်ချက်ဖြင့် ရှောင်ကြဉ်ကြသူများလည်းရှိသည်။

မည်သည့်ရည်ရွယ်ချက်ဖြင့် စားသည်ဖြစ်စေ သက်သတ်လွတ်အစားအစာများသည် ကယ်လိုရီနည်းသည်။ ပြည့်ဝဆီနှင့် ကိုလက်စထရောပါဝင်မှု နည်းပါးသည့်အပြင် တခြားစားသောက်မှုပုံစံများထက် အမျှင်ဓာတ်၊ ပိုတက်စီယမ်နှင့် ဗီတာမင်ပိုများသည်။ ထို့ကြောင့် သက်သတ်လွတ်စားသူများသည် အသားစားသူများထက် နှလုံးကျန်းမာရေးကောင်းခြင်း၊ ကင်ဆာရောဂါဖြစ်နိုင်ခြေနည်းခြင်း၊ အမျိုးအစား–၂ ဆီးချိုမှ ကာကွယ်ပေးခြင်း၊ သွေးတိုးကျစေခြင်း၊ ပန်းနာ၊ ရင်ကျပ်ကို သက်သာစေခြင်း စသည့်ကောင်းကျိုးများစွာကိုရရှိစေနိုင်သည်။

လူတစ်ယောက် ဘက်စုံကျန်းမာရေးကောင်းမွန်စေရန်အတွက် စားသုံးလိုက်သောအစားအစာများထဲတွင် အာဟာရဓာတ်ခြောက်ပါး ပြည့်စုံမှုတရန် လိုအပ်သည်။ ယင်းတို့မှာ ပရိုတင်း၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ဇင့်၊ ဗီတာမင် B–12 နှင့် ဗီတာမင်ဒီတို့ဖြစ်သည်။ ရာသက်ပန်သက်သတ်လွတ် စားသူများအတွက် မရှိမဖြစ်လိုအပ်သော ယင်းအာဟာရဓာတ်ကြီးခြောက်ပါးတို့ကို အောက်ဖော်ပြပါ အစားအစာများထဲမှ ပြည့်စုံလုံလောက်စွာရရှိနိုင်သည်။

**တိုဟူး**

ခြေလေးချောင်းသား၊ ကြက်၊ ဘဲ၊ ငါး စားသုံးခြင်းဖြင့်ရရှိနိုင်မည့် ပရိုတင်းဓာတ်ကို တိုဟူးမှရရှိနိုင်မည်ဖြစ်သလို တိုဟူးသည် ဇင့်၊ သံဓာတ်နှင့် မကောင်းသောကိုလက်စထရောများကို လျှော့ချပေးသည့် Omega-3 ဖက်တီးအက်စစ်များ ကြွယ်ဝရာအရင်းအမြစ်လည်းဖြစ်သည်။ တစ်ခွက်စာပမာဏရှိသော တိုဟူးဟင်းလျာစားသုံးခြင်းဖြင့် အရွယ်ရောက်ပြီးသူ လူတစ်ယောက်အတွက် တစ်နေ့တာ လိုအပ်သည့် ကယ်လ်စီယမ်ပမာဏကို လုံလောက်စွာရရှိနိုင်သည်။ ထို့ကြောင့် ရာသက်ပန် သက်သတ်လွတ်စားသူများ အရိုးသန်မာစေရန် တိုဟူးကို မကြာခဏ စားပေးပါ။ ပရိုတင်းခွန်အားရစေရန် ပဲနို့သောက်ပါ။

**ပဲနီလေး**

ပဲနီလေးသည် တခြားသော ပဲအမျိုးမျိုးကဲ့သို့ ပရိုတင်းနှင့် ပျော်ဝင်လွယ်သော အမျှင်ဓာတ်များ ကိန်းအောင်းနေသည့် အကောင်းဆုံး အရင်းအမြစ်ဖြစ်သည်။ သို့သော် နှိုင်းယှဉ်ကြည့်ရာ၌ ပဲနီလေးထဲတွင် တခြားပဲအမျိုးမျိုးထက် သံဓာတ်နှစ်ဆမျှပိုမိုပါဝင်နေသည့်အပြင် ဗီတာမင်ဘီနှင့်ဖောလိပ်ဓာတ်များလည်း မြင့်မားစွာပါရှိနေသဖြင့် ရာသက်ပန်သက်သတ်လွတ်စားသူများအတွက် ပဲနီလေးကို စားသုံးသင့်ပါသည်။ ထို့ပြင် သက်သတ်လွတ်ဟင်းလျာ အသီးအရွက်တို့ကို နေ့စဉ်ရက်ဆက်အစားများ၍ လေပွတတ်သူများအနေဖြင့် ပဲနီလေးကို ဦးစားပေး ရွေးချယ်စားသုံးသင့်သည်။

**ပဲအမျိုးမျိုး**

ပဲအမျိုးမျိုးထဲတွင် သံဓာတ်နှင့်ပရိုတင်းဓာတ်များပါရှိနေသည်။ ထို့ပြင် ကြေပျက်လွယ်သော အမျှင်ဓာတ်များလည်း ပါရှိနေသောကြောင့် ကိုလက်စထရောကျစေသည်။ တစ်ခွက်စာပမာဏရှိသော ပဲဟင်းလျာထဲတွင် လူတစ်ယောက်အတွက် တစ်နေ့တာလိုအပ်နေသော ပိုတက်စီယမ်၊ ဇင့်၊ ဗီတာမင်ဘီနှင့် ကယ်လ်စီယမ်ဓာတ်တို့ ပြည့်စုံစွာပါရှိနေသည်။ ရာသက်ပန်သက်သတ်လွတ် စားသူများအနေဖြင့် ပရိုတင်းခွန်အားပြည့်ဝစေရန် ပဲအမျိုးမျိုးကို ထမင်း သို့မဟုတ် ခေါက်ဆွဲ သို့မဟုတ် ပေါင်မုန့်တို့နှင့်တွဲဖက်စားပေးသင့်သည်။

**အစေ့အဆန်များ**

သစ်ကြားသီး၊ ဗာဒံစေ့၊ သီဟိုဠ်စေ့၊ သစ်အယ်စေ့ စသည့် အခွံမာသီးအစေ့အဆန်များထဲတွင် ပရိုတင်းခွန်အားများအပြင် ဇင့်၊ ဗီတာမင်အီးနှင့် Omega-3 ဖက်တီးအက်စစ်များ ပါရှိနေသည်။ အထူးသဖြင့် ဗာဒံစေ့ထဲရှိ သဘာဝအမျှင်ဓာတ်က သီဟိုဠ်စေ့ထက် လေးဆမျှပိုများနေပြီး သီဟိုဠ်စေ့ထဲတွင်ပါရှိသည့် သံဓာတ်နှင့် ဇင့်ဓာတ်များကလည်း တခြားသောအစေ့အဆန်များထက် နှစ်ဆမျှပိုများနေသည်။ ထို့ပြင် အစေ့အဆန်နေ့စဉ်စားသုံးသူများက လုံးဝမစားသူများထက် ကိုယ်အလေးချိန်လျော့ကျကြောင်းကို လေ့လာတွေ့ရှိခဲ့သည်။

**ကောက်နှံအမျိုးမျိုး**

ဂျုံ၊ ဆန်လုံးညို၊ မုယောစပါး၊ ပြောင်း၊ ကွေကာ စသည်တို့က ကောက်နှံမျိုးများဖြစ်ကြပြီး ဗီတာမင် B–12 အပြင် သံဓာတ်၊ ကယ်လ်စီယမ်နှင့် တခြားသော အာဟာရဓာတ်များ ပါရှိနေကြသည်။ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသည့် ဥအမျိုးမျိုး မစားသူများနှင့် တိရစ္ဆာန်ထွက် နို့နှင့် နို့ထွက်ပစ္စည်းများ မစားသုံးသူ ရာသက်ပန် သက်သတ်လွတ်စားသူများတွင် ဗီတာမင် B–12 မချို့တဲ့စေရန် ကောက်နှံအမျိုးမျိုးကို ဖြည့်စွက်စားပေးသင့်သည်။

**အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ**

ဟင်းနုနယ်၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန် စသည့် အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များတွင် ကျန်းမာရေးအတွက် လွန်စွာအရေးပါသော သံဓာတ်များ ပါရှိနေကြသည်။ အထူးသဖြင့် ဟင်းနုနယ်ရွက်ထဲရှိ သံဓာတ်ပမာဏက တခြားသောဟင်းသီးဟင်းရွက်များထက် ပိုများသည်။ ထို့ပြင် အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များတွင် ဖောလစ်အက်စစ်နှင့် ဗီတာမင်အေကဲ့သို့ ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း မြင့်မားစွာပါရှိနေသဖြင့် ကုသရန်ခက်ခဲသော ကင်ဆာရောဂါများကို ခုခံတိုက်ခိုက်ပေးနိုင်သည်။

**ရှေညို**

ရှေညိုပင်သည် သံဓာတ်နှင့် Phyto-chemicals ခေါ် သဘာဝအပင်မှရရှိသော ခုခံနိုင်စွမ်းဓာတ်ပေါင်းစုများ အံ့ဖွယ်ကောင်းလောက်အောင်ပါရှိသည့် သဘာဝအရင်းအမြစ်ဖြစ်သည်။ ထို့ပြင် ရှေညိုထဲတွင် မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်၊ အိုင်အိုဒင်း၊ သံဓာတ်၊ ခရိုမီယမ် စသည့်သတ္တုဓာတ်များနှင့် ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီးနှင့်ဗီတာမင်ဘီဓာတ်ပေါင်းစုများလည်းပါရှိနေသဖြင့် ရှေညိုသည် ရာသက်ပန်သက်သတ်လွတ်စားသူအတွက် အကောင်းဆုံးအစားအစာတစ်ခုဖြစ်သည်။ ထို့ပြင် ရာသက်ပန်သက်သတ်လွတ်စားသူများအနေဖြင့် စိမ်းပြာရှေညိုအားဆေးကိုလည်း ဖြည့်စွက်စာအဖြစ် သောက်သုံးပေးနိုင်သည်။

**သစ်သီးယို သစ်သီးခြောက်အမျိုးမျိုး**

တရုတ်ဆီးသီးခြောက်၊ စပျစ်သီးခြောက်၊ သရက်သီးခြောက်၊ နာနတ်သီးခြောက်၊ ချယ်ရီသီးခြောက်၊ စွန်ပလွံသီးယို၊ ကတွတ်ယို စသည့်သစ်သီးယို၊ သစ်သီးခြောက်အမျိုးမျိုးကို အဆာပြေသရေစာအဖြစ် စားပေးခြင်းကလည်း ရာသက်ပန်သက်သတ်လွတ်စားသူများအတွက် တစ်ဖက်တစ်လမ်းမှ သံဓာတ်ကို အားဖြည့်ပေးသောကြောင့် သွေးပေါင်ကျခြင်းနှင့် သွေးအားနည်းခြင်းမှ ကာကွယ်ရာရောက်သည်။

**သက်သတ်လွတ်စားသော ကလေးငယ်များ အသားစားသော ကလေးငယ်များနည်းတူ အာဟာရညီမျှစွာရရှိနိုင်**

ကလေးငယ်အများစုသည် အသီးအရွက်၏အရသာထက် အသားအမျိုးမျိုး၏အရသာကို စွဲမက်ကြသည့်အလျောက် သက်သတ်လွတ်စားသော ကလေးငယ်ဦးရေနည်းပါးသည်။ သို့သော် အသားကို မမက်မောဘဲ သက်သတ်လွတ်စားသော ကလေးငယ်များအနေဖြင့် အာဟာရပြည့်မီစွာရရှိမည်၊ မရရှိမည်ကို ခွဲခြားသိရှိနိုင်ရန် ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ စိန့်မိုက်ကယ်လ်ဆေးရုံမှ ဒေါက်တာ ဂျိုနက်သန်မက်ဂွိုင်းယား ဦးဆောင်သော သုတေသီများ သုတေသနပြုလေ့လာခဲ့ကြသည်။ အဆိုပါသုတေသီများသည် အသက်ခြောက်လမှ ရှစ်နှစ်အထိ ကလေးငယ်ပေါင်း ၈၉၀၇ ဦးတို့၏ သက်သတ်လွတ်စားခြင်းနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကြားဆက်နွယ်နေပုံကို ၂၀၀၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စောင့်ကြည့်လေ့လာခဲ့ရာမှ သက်သတ်လွတ်စားသော ကလေးငယ်များအနေဖြင့် အသားစားသောကလေးငယ်များနည်းတူ အာဟာရညီမျှစွာရရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ပါ၍ သင့်ကလေးသည် သား၊ ငါးများကိုပယ်ပြီး သက်သတ်လွတ်ကိုသာ ခုံခုံမင်မင်စားသုံးလေ့ရှိပါက အထူးစိုးရိမ်ဖွယ်မရှိဘဲ အထက်ဖော်ပြပါအစားအစာများကို စီမံကျွေးမွေးနိုင်ပါကြောင်းနှင့် အရွယ်သုံးပါးမရွေး သက်သတ်လွတ်စားသုံးသူများ အာဟာရဓာတ်ခြောက်ပါး ပြည့်စုံကြပါစေကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# နောင်မွန်းမြို့နယ်၌ မိုးရာသီဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နောင်မွန်း အောက်တိုဘာ ၂၁

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်၌ ပိုက်ကျော်ခြင်းအားကစားနည်းကို ပိုမိုစိတ်ဝင်စားလာပြီး စိတ်ဓာတ်စည်းကမ်းပြည့်ဝသော အားကစားသမားကောင်းများပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးပြီး အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာလ ၂၀ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲသို့ တက်ရောက်လာသော တက်လူအသင်းနှင့် ကိုကျော်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး တက်လူအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းခြောက်သင်းကို အုပ်စုနှစ်ခုခွဲကာ အောက်တိုဘာလ ၁၈ ရက်မှ စတင်ယှဉ်ပြိုင်ကစားကြခြင်းဖြစ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးယုံထန်ဖုန်ရမ်က အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ခဲ့ကာ ပထမဆုရရှိသော တက်လူအသင်း၊ ဒုတိယဆုရရှိသော ကိုကျော်အသင်းနှင့် တတိယဆုရရှိသော လုံလောင်အသင်းတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၁) သင်တန်းဖွင့်ပွဲကျင်းပ




ရန်ကုန် အောက်တိုဘာ ၂၁

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခ ခန်းမ၌ ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှသင်တန်းသား ၁၇၅ ဦး၊သင်တန်းသူ ၁၉၆ ဦး စုစုပေါင်း ၃၇၁ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁ ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၃-၁၀-၂၀၂၄ ရက် ည ၈ နာရီမှ ၂၀-၁၀- ၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၂၅၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၂၈.၀˚c |
| ရန်ကုန် | ၂၁˚c | / | ၂၈.၅˚c |
| မန္တလေး | ၂၃˚c | / | ၃၁.၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နိုင်ငံအကျိုး တို့သယ်ပိုးစို့

❖ နိုင်ငံတော် သာယာမှု
ရေးရှု၍ပြဋ္ဌာန်းလာ။
ပြည်သူ့စစ်မှုထမ်းဥပဒေအား
လေးစားလိုက်နာ။
ပြည်သူ့စစ်မှု ထမ်းဆောင်တာ
ဂုဏ်ယူစရာ ကောင်းလေစွ။
နိုင်ငံ့ဂုဏ်ဆောင် သားကောင်းများဟု
တင်စားဖွယ်ပ။

❖ ကမ္ဘာတစ်ခွင် လေ့လာကြည့်
သိရှိတွေ့မြင်နိုင်ပေ။
စစ်မှုထမ်းဥပဒေကျင့်သုံးမှု
ပြုကြကာလေ။
နိုင်ငံတိုးတက်ကာမသွေ
ဘေးကင်းကာလေ သာယာရေး။
ဆောင်ကြဉ်းရပ်တည် နိုင်ငံများ
ရှိပြသည်လေး။

❖ တို့နိုင်ငံဘေးမသန်း
အေးချမ်းလို့ တိုးတက်ရန်။
လူငယ်တွေ မျိုးချစ်စိတ်
ဦးထိပ်မှာပန်။
ပြည်သူ့စစ်မှုထမ်းဆောင်ရန်
ထက်သန်သည့်စိတ်အား။
ပွားများကာ နိုင်ငံအကျိုး
သယ်ပိုးစို့လား။ ။

အင်ကြင်းသူ(နေပြည်တော်)

# တိုင်ထောင်ပဲတောင့်ရှည်များ လှိုင်လှိုင်ထွက်ရှိနေပြီး မိသားစုတစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိ

ကလိန်အောင် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာတွင် ယခုအချိန်၌ တိုင်ထောင်ပဲတောင့်ရှည်စိုက်ခင်းများမှ တိုင်ထောင်ပဲတောင့်ရှည်များ လှိုင်လှိုင်ထွက်နေပြီး ဈေးကောင်းရရှိ၍ တစ်ဖက်တစ်လမ်းမှ မိသားစု အပိုဝင်ငွေရရှိကြောင်း ကလိန်အောင်မြို့ရှိ တိုင်ထောင်ပဲတောင့်ရှည်စိုက်ပျိုးသူတစ်ဦးထံမှသိရသည်။

"တိုင်ထောင်ပဲသီးများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြပါတယ်။ နှစ်ရက်လျှင် တစ်ခါခူးဆွတ်ရောင်းချရပါတယ်။ တစ်နေ့လျှင် ရောင်းချချိန်မှာလည်း သီးနှံပင်များမှာ ဖြစ်ထွန်းရင် တစ်နှစ်ပတ်လုံး ရောင်းချရပြီး ပုံမှန်ဝင်ငွေရရှိပါတယ်" ဟု တိုင်ထောင်ပဲသီး စိုက်ပျိုးရောင်းချသူတစ်ဦးကပြောသည်။

တိုင်ထောင်ပဲတောင့်ရှည်များကို စိုက်ပျိုးရာတွင် မစိုက်မီ မြေပေါင်များကို အရင်ဆုံးပြုပြင်ရပြီး မြေဆွေးနှင့် နွားချေးများကို ရောစပ်၍ ထည့်သွင်းစိုက်ပျိုးကြကာ ပဲမျိုးစေ့များကို တစ်ပင်နှင့်တစ်ပင်တစ်တောင်စီခြားပြီး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ရက် ၄၀ အကြာတွင် အသီးများစတင်သီးကာ ရက် ၅၀ တွင် အသီးလှိုင်လှိုင်ထွက်ရှိပြီး ဈေးကွက်အတွင်း ခူးဆွတ်ရောင်းချကြကြောင်း သိရသည်။

ကလိန်အောင်မြို့သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး တိုင်ထောင်ပဲပင်များကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၄၁၂)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၀၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၈၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၈၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၈၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၀၀၀ ကျော်တင်ပို့နိုင်ခဲ့




ရန်ကုန် အောက်တိုဘာ ၂၁

ပြည်တွင်းမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၄၇၇ ဒသမ ၅၆၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၃၄ သန်းရရှိခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၂၈၆၀ ဒသမ ၆၆၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၇၇ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၆၁၆ ဒသမ ၉ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၇ သန်းရရှိသောကြောင့် ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၃၄၇၇ ဒသမ ၅၆၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၃၄ သန်း ရရှိခဲ့သည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်မက်ထရစ်တန် ၂၄၇၄၇၇ ဒသမ ၉၅၂ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၂၁ ဒသမ ၀၀၅ သန်းရရှိထားကြောင်း သိရသည်။

**စောယု**

# ကျောက်တလုံးကြီးမြို့၌ နယ်လှည့်ဟောပြောပွဲ နံရံကပ်စာစောင် ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

ကျောက်တလုံးကြီး အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၂၁ ရက်တွင် အခြေခံပညာမူလတန်းကျောင်း(ထီထပ်)၌ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဝင်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဓာတ်ပုံနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

အဆိုပါ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲသို့ အခြေခံပညာမူလတန်းကျောင်း(ထီထပ်)မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်းနှင့် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် နယ်လှည့်လုပ်ငန်းများအပြင် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကိုလည်း ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# မလှိုင်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မလှိုင် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျောက်တန်းကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။

ကျောက်တန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်မှပံ့ပိုးငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖူလိုင်လတတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အောင်လံမြို့နယ်၌ ဥစားကြက်မွေးမြူရေးဇုန်တည်ဆောက်နေမှု ဒီဇင်ဘာလတွင် အပြီးဆောင်ရွက်မည်

အောင်လံ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်၌ ဥစားကြက်မွေးမြူရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံးကို လာမည့် ဒီဇင်ဘာလတွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း အောင်လံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်းရှိဥစားကြက်မွေးမြူသူများအနေဖြင့် ကျယ်ဝန်းလွတ်လပ်စွာ မွေးမြူနိုင်စေရန်၊ အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဥစားကြက်မွေးမြူရေးဇုန်ကို ယခုဘဏ္ဍာနှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

"အောင်လံမြို့နယ်က ဥစားကြက်မွေးမြူရေးဇုန်မှာ ကနဦးအနေနဲ့ ဥစားကြက်မွေးမြူတဲ့သူ ၁၂ ဦး ပါဝင်ဆောင်ရွက်မှာပါ။ လက်ရှိမွေးမြူထားတဲ့ ကြက်အကောင်က ၂၅၉၀၀ လောက်ရှိပြီးတော့ တိုးချဲ့မွေးမြူမယ့်အကောင်က ၁၆၀၀၀ လောက်ရှိတဲ့အတွက် စုစုပေါင်းဥစားကြက်အကောင် ၄၁၉၀၀ လောက်နဲ့စတင်အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု အောင်လံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအိသန္တာကပြောသည်။

ဥစားကြက်မွေးမြူရေးဇုန်အတွင်း ကြက်အကောင် ၃၀၀၀ အထိမွေးမြူသူတစ်ဦးလျှင် ပေ ၁၀၀ ပတ်လည်မြေကွက်တစ်ကွက်နှင့် ကြက်အကောင် ၃၀၀၀ အထက် မွေးမြူသူတစ်ဦးလျှင် အလျားပေ ၂၀၀၊ အနံပေ ၁၀၀ ရှိသော မြေကွက်တစ်ကွက် စသည်ဖြင့်နေရာချထား ဆောင်ရွက်မည့်အပြင် တိုးချဲ့မွေးမြူရန် အရန်မြေကွက်များနှင့် မွေးမြူရေးအစာဆိုင်များအတွက်လည်း တစ်ကွက်လျှင် ပေ ၆၀ ပတ်လည်ရှိသော မြေကွက်များကို လျာထားဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ဥစားကြက်မွေးမြူရေးဇုန်တွင် မြေကွက်ဖော်ထုတ်ခြင်း၊ အကွက်ရိုက်ခြင်း၊ လမ်းဖောက်ခြင်း၊ ရေပိုက်လိုင်းနှင့် လျှပ်စစ်မီးလိုင်း သွယ်တန်းခြင်းများအတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၉၁၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကုန်အကျခံဆောင်ရွက်ပေးမည်ဖြစ်ကာ ကျန် ၅၀ ရာခိုင်နှုန်းကို မွေးမြူရေးလုပ်ငန်းရှင်များက စုပေါင်းအကုန်အကျခံရမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းများ

ဘုန်းမောင်ဝင်း(ဖျာပုံ)



နိုင်ငံတစ်နိုင်ငံ တည်တံ့ရှည်ကြာစွာရပ်တည်နေနိုင်ခြင်းမှာ ထိုနိုင်ငံကိုကာကွယ်စောင့်ရှောက်နေသည့် မျိုးချစ်စိတ်အပြည့်နှင့် နိုင်ငံသားများရှိနေခြင်းကြောင့်ဖြစ်သည်။ မိမိနိုင်ငံကို မိမိတို့ကာကွယ်လိုစိတ်ရှိနေသူများ ရှိနေသမျှကာလပတ်လုံး ထိုနိုင်ငံသည် တည်တံ့ရှည်ကြာခိုင်မြဲနေမည်ဖြစ်သည်။ မိမိနိုင်ငံကို မိမိတို့ချစ်တတ်အောင်၊ မြတ်နိုးတတ်အောင်၊ ကာကွယ်စောင့်ရှောက်လိုစိတ်ရှိအောင် မိဘဘိုးဘွားအဆက်ဆက်က ဆုံးမသွန်သင်ခဲ့ကြသည်။ ထိုဆုံးမသွန်သင်ချက်အတိုင်း လူငယ်များကလိုက်နာကြသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြတ်နိုးတန်ဖိုးထားတတ်သည့်အသိအမြင်ရှိအောင် မိဘများ၊ ဆရာများက သွန်သင်ပြသခဲ့၍လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လူငယ်များစိတ်ဝင်တစားထမ်းဆောင်လျက်ရှိကြသည်။

ခေတ်ကာလအဆက်ဆက်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့်တပ်မတော်သားများမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန် မိမိတို့၏စိတ်ဆန္ဒများဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြသည်။ စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နေကြသူများရှိနေသည့်အတွက် နိုင်ငံတော်အတွင်း ပေါ်ပေါက်လာသည့်ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှုများကိုတိုက်ခိုက်ချေမှုန်းနိုင်ခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည်နိုင်ငံသားအားလုံး၏မွေးရာပါတာဝန်ဖြစ်သည်ဆိုသည့်အတိုင်း မိမိနိုင်ငံကိုကာကွယ်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ်ပေသည်။

ကမ္ဘာတွင်နည်းပညာများအရှိန်အဟုန်မြင့်မားစွာ တိုးတက်လာခြင်းနှင့်အတူကာကွယ်ရေးပိုင်းဆိုင်ရာ နည်းပညာများလည်း မြင့်မားလာနေပြီဖြစ်သည်။ ဒီကြားထဲတွင် အင်အားကြီးနိုင်ငံအချို့က အင်အားငယ်သောနိုင်ငံငယ်လေးများ၏ပြည်တွင်းရေးကို နည်းမျိုးစုံဖြင့် စွက်ဖက်နှောင့်ယှက်လာကြသည်။ မိမိနိုင်ငံ၏ပြည်တွင်းရေးသည် မိမိနိုင်ငံ၏ကိစ္စရပ်သာဖြစ်သော်လည်း ကိုလိုနီလက်သစ်ဝါဒကျင့်သုံးကာ အကြောင်းအမျိုးမျိုးဖြင့်နှောင့်ယှက်လျက်ရှိနေသည်။ စီးပွားရေးအရပိတ်ဆို့ခြင်း၊ နိုင်ငံရေးနည်းလမ်းအရအကျပ်ကိုင်ခြင်းနှင့်လူမှုရေးအရ၊ ယဉ်ကျေးမှုအရ မိမိတို့၏ဘာသာထုံးတမ်းဓလေ့များကို ပျက်စီးအောင်နှောင့်ယှက်ခြင်းများ ပြုလျက်ရှိသည်။ ဤသည်မှာထင်ရှားစွာမြင်ရသောလုပ်ရပ်များဖြစ်သည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်နေထိုင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ထားသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများမှ ဆင်းသက်ပြီးနိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့်တည်ဆောက်ထားသည်။ နိုင်ငံတော်သည်စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိပြီး နိုင်ငံတော်၏စီးပွားရေးစနစ်သည်ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်။ ဤမျှ ခိုင်ခိုင်မာမာတည်ဆောက်ထားသောနိုင်ငံတော်ကိုသားစဉ်မြေးဆက်အထိဆက်လက် တည်တံ့ခိုင်မြဲနေစေရမည်ဖြစ်သည်။

မိမိနိုင်ငံကိုချစ်သည့်စိတ်၊ မြတ်နိုးသည့်စိတ်သည်လူငယ်တိုင်း၏ရင်ဝယ် ကိန်းအောင်းနေရမည်ဖြစ်သည်။ ထိုသို့ကိန်းအောင်းနေစေရန်အတွက်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ တွင် "နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့်ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်" ဟူ၍ပြဋ္ဌာန်းထားရှိသည်။ လူငယ်တိုင်းမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေမှသာ နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ မိမိတို့တာဝန်ပါလား၊ မိမိနိုင်ငံ မိမိတို့ကာကွယ်ရမည်ဆိုသည့်စိတ်ဓာတ်များ ကိန်းအောင်းနေမည်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ရန်မှာ မျိုးဆက်သစ်တစ်ခုတည်းနှင့်ဆိုင်သောကိစ္စရပ်မဟုတ်ပေ။ မျိုးဆက်သစ် မျိုးဆက်သစ်တိုင်းနှင့်သက်ဆိုင်သောကိစ္စရပ်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် မိမိတို့လူငယ်မောင်မယ်တိုင်းမှာ တာဝန်ရှိနေသည်ဟူသောအသိသည် ယနေ့ကာလမှနောင်နှစ်ပေါင်း ထောင်ချီသည်အထိ စွဲမြဲစွာခံယူလုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့ကြောင့်လည်းမြန်မာနိုင်ငံတွင်ပြည်သူ့စစ်မှုထမ်းဥပဒေ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုခံယူသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ အနာဂတ်နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်လာအောင်ဆောင်ရွက်ဖို့အတွက်ပါပဲ။ မြန်မာနိုင်ငံမှာမွေးဖွားလာတဲ့နိုင်ငံသားတိုင်း အရွယ်ရောက်လာတာနဲ့၊ သတ်မှတ်ထားတဲ့အချက်အလက်များနဲ့ပြည့်စုံတဲ့အချိန်မှာ စစ်မှုထမ်းကြရမည်ဖြစ်သည်။

နောင်အနာဂတ်တွင် နိုင်ငံသားတိုင်းသည် စစ်မှုထမ်းဆောင်ဖူးသူများဖြစ်လာကြပါလိမ့်မည်။ လက်ရှိမှာ စတင်ကျင့်သုံးတဲ့အချိန်ဖြစ်တဲ့အတွက် စစ်မှုထမ်းဖို့ကျန်နေတဲ့လူငယ်မောင်မယ်တွေ အများကြီးရှိနေပါလိမ့်မည်။ မိမိနိုင်ငံအတွက်မဖြစ်မနေစစ်မှုထမ်းကာလဟာ နှစ်နှစ်မျှသာဖြစ်ပြီး အမြဲစစ်မှုထမ်းလိုပါကလည်းထမ်းဆောင်နိုင်သည့် အခွင့်အရေးများရှိထားသည်။ ထို့ပြင် စစ်မှုထမ်းနေစဉ်ကာလမှာလည်း ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များကို တိတိကျကျပြဋ္ဌာန်းထားပြီးဖြစ်သည်။ ဂုဏ်သိက္ခာရှိစွာ မိမိတို့တာဝန်ကိုမိမိတို့ ကျေပွန်စွာထမ်းဆောင်ကြရန်သာဖြစ်သည်။

နိုင်ငံအတွက်စစ်မှုထမ်းဆောင်ရခြင်းမှာ လွန်စွာဂုဏ်ယူဖွယ်ကောင်းသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။ "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟူ၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၆ တွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။ စစ်မှုထမ်းခြင်းအတွက်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဂုဏ်ပြုပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ကမ္ဘာ့နိုင်ငံအများအပြားတွင်ကျင့်သုံးနေသည့်စနစ်ဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်ငံတည်း သီးခြားကျင့်သုံးသည့်ဥပဒေမဟုတ်ပေ။ အချို့နိုင်ငံများတွင် စစ်မှုထမ်းဆောင်ခြင်းကို ဂုဏ်ယူဖွယ်ကောင်းသောဆောင်ရွက်ချက်အဖြစ်သူတို့၏ရုပ်ရှင်ဇာတ်လမ်းများတွင် ဖော်ကျူးရေးသားထားသည်။ မိသားစုထဲကစစ်မှုထမ်းဆောင်ခွင့်ရရှိသူကို တစ်မိသားစုလုံးက အားရဝမ်းသာ ကြိုဆိုဂုဏ်ပြုကြသည်။ ဤသည်မှာမိမိနိုင်ငံကိုမိမိတို့ဘယ်လောက်ချစ်ကြောင်း၊ တန်ဖိုးထားကြောင်း ပြသနေခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့်ဂျာမနီနိုင်ငံတွင်ပင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းရန်တောင်းဆိုနေကြောင်းသိရှိရသည်။ ဂျာမနီနိုင်ငံအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြန်လည်အသက်သွင်းရန် လိုအပ်နေကြောင်း၊ ခရစ်ယာန်ဆိုရှယ်ယူနီယံပါတီကတောင်းဆိုလိုက်သည်။ ထို့ပြင်နိုင်ငံအနေဖြင့် ဒရုန်းများနှင့်စစ်ပစ္စည်းများကိုဝယ်ယူရန်လည်း လိုအပ်နေကြောင်း၊ ထိုသို့လိုအပ်သည်များကိုလုပ်ဆောင်ခြင်းမရှိပါက ဂျာမနီနိုင်ငံသည်ရေရှည်တွင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်စွမ်းကို အာမမခံနိုင်တော့ကြောင်း၊ လွတ်လပ်မှု၊ ဒီမိုကရေစီနှင့်တရားမျှတမှုတို့ကို မွေးမြူနိုင်ရေးအတွက် ထိုဥပဒေကိုပြန်လည်ပြဋ္ဌာန်းရန် လိုအပ်လာခြင်းဖြစ်ကြောင်း အဆိုပါပါတီခေါင်းဆောင်ကပြောကြားသည့် သတင်းတစ်ပုဒ်ကိုအောက်တိုဘာလ ၁၂ ရက် နိုင်ငံတကာသတင်းများတွင် ဖတ်လိုက်ရသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့်မူ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်ခြင်း၊ အတည်ပြုကျင့်သုံးခြင်းမှာ လွန်စွာသင့်လျော်မှန်ကန်သည့် ဆောင်ရွက်ချက်ဖြစ်သည်။

အဆိုပါဆောင်ရွက်ချက်ကို အင်အားဖြည့်လိုက်သည်မှာ မျိုးဆက်သစ်လူငယ်များဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)သို့တက်ရောက်ရန် လူငယ်များသူ့ထက်ငါစာရင်းပေးသွင်းကြသည်။ မိဘများကိုယ်တိုင်ကလည်း အားပေးကြသည်။ စာရင်းပေးသွင်းသူများပြားလှသည့်အတွက် နောက်သင်တန်းအပတ်စဉ်များကိုဆက်တိုက်ဖွင့်လှစ်ပေးရသည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများတွင်ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများက သင်တန်းသားများအတွက်ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်သည်။ ပျော်စရာအလွန်ကောင်းသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းဖွင့်ပွဲဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှစတင်၍ဖွင့်လှစ်ခဲ့သည်မှာယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ ရောက်ရှိလာပြီဖြစ်သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)ကိုလည်း ဖွင့်လှစ်နေပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည်လည်း ပြည်သူ့တပ်မတော်သားအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မြန်မာနိုင်ငံအနှံ့ရှိ တပ်ရင်း/တပ်ဖွဲ့များတွင် ထမ်းဆောင်နေကြပြီဖြစ်သည်။ သူတို့သည် နိုင်ငံနှင့်တပ်မတော်အတွက် ယောကျ်ားကောင်း ယောကျ်ားမြတ်များအဖြစ် မြင်တွေ့နေကြရပြီဖြစ်သည်။ သင်တန်းကျောင်းအသီးသီးမှ နည်းပြများက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်သည့်တရားများကို သင်ကြားပေးမည်ဖြစ်သည်။

အထူးသဖြင့် စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ နိုင်ငံတော်အပေါ်သစ္စာရှိခြင်း၊ အချင်းချင်းစည်းလုံးညီညွတ်မှုရှိခြင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုတို့ရှိအောင်လေ့ကျင့်သင်ကြားပေးကြမည်ဖြစ်သည်။ "တပ်မတော်သည်အမျိုးသားရေးကိုဘယ်တော့မှသစ္စာမဖောက်" ဆိုသည့်စိတ်ဓာတ်အမွေကောင်းကိုလည်း ရရှိမည်ဖြစ်သည်။ နိုင်ငံတော်တွင်အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရတိုင်း နိုင်ငံတော်မပျက်မယွင်း၊ မပြိုကွဲအောင်ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာအင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ရှိနေ၍ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများနှင့် တပ်မတော်သားအပေါင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

**စာမျက်နှာ ၁၃ သို့ ■**



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကျင်းပစဉ်။





■ **စာမျက်နှာ ၁၂ မှအဆက်**

"ကျွန်တော်က အရင်အပတ်စဉ်တွေကတည်းက တက်ချင်နေခဲ့တာပါ။ ဒါပေမဲ့ အခုအပတ်စဉ်(၆)မှာမှ ကျွန်တော်တက်ရတာပါ။ မိဘတွေကတော့ ဂုဏ်ယူပါတယ်။ ကျွန်တော် ဒီသင်တန်းကို ရောက်လာတော့ တစ်ယောက်တည်းပါ။ အခုသင်တန်းမှာတော့ သူငယ်ချင်းအယောက် ၂၀၀ ကျော်လောက်ထိရခဲ့ပါတယ်၊ အခုကျွန်တော်တို့ ကျရာတာဝန်ကို ကျွန်တော်တို့ ထမ်းဆောင်သွားမှာပါ။ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်သွားမှာပါ။"

"ကျွန်တော်ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ရတာ ပျော်ပါတယ်။ ကျွန်တော်ဒီထဲကိုရောက်ပြီး အပေါင်းအသင်းတွေ၊ သူငယ်ချင်းတွေနဲ့တွေ့ရတဲ့အတွက် အရမ်းကိုဝမ်းသာပါတယ်။ ဒီသင်တန်းက သင်ကြားပေးမယ့် စစ်နည်းစနစ်တွေကိုလည်း လိုက်နာပြီး ဆုတွေရအောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ သင်တန်းဆင်းသွားရင်လည်း ကျရာနေရာမှာ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။"ဟု ပြောသည်။ (၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၂၂-၁၀-၂၀၂၄

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ဘားအံ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မော်လမြိုင် | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မုံ | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ကသာ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | စစ်တွေ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အမ်း | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ဘီးလင်း | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

## ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမ အထူးအယူခံမှု(၅)မှု ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ရာဇဝတ်အထူးအယူခံမှုအမှတ်၃/၂၀၂၄(မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၅၃/၂၀၂၄ (ရန်ကုန်)၊ ၅၇/၂၀၂၄ (တနင်္သာရီ)၊ ၆၆/၂၀၂၄ (တနင်္သာရီ)၊ ၆၇/၂၀၂၄ (တနင်္သာရီ)၊ ၆၉/၂၀၂၄ (မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

⏭ ကျောဖုံးမှအဆက်

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာလ ၂၂ ရက်တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ကာအောက်တိုဘာလ ၂၄ ရက်တွင်ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ထို့မှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အဖြစ် ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာလ ၂၅ ရက် နံနက်အစောပိုင်းတွင် ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့ (Puri) နှင့် ဆာဂါကျွန်း (Sagar Island)တို့အကြားမှဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာလ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ် အပတ်စဉ်ပျံသန်းပြေးဆွဲမည်




ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်များကို အပတ်စဉ် တနင်္ဂနွေနေ့နှင့်မန္တလေး -ညောင်ဦး-ပုသိမ်-ရန်ကုန် ခရီးစဉ်များကိုအပတ်စဉ် တနင်္လာနေ့တွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေးခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ပုသိမ်မှ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ ၉ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ညောင်ဦးမှ ၉ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ၁၀ နာရီတွင်လည်းကောင်း၊တနင်္လာနေ့တွင် မန္တလေး - ညောင်ဦး - ပုသိမ် - ရန်ကုန် ခရီးစဉ်များကို မန္တလေးမှ ညနေ ၃ နာရီတွင် ထွက်ခွာပြီး ညောင်ဦးသို့ ညနေ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ရန်ကုန်သို့ ည ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှပုသိမ်သို့ ငွေကျပ် ၁၆၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၂၈၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀ သတ်မှတ်ထားပြီး ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ISPEအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ISPEအသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၅မိနစ်တွင် စွမ်းထက်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၁ ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၄မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

## မြန်မာအမျိုးသမီးဖူဆယ်အသင်းပါဝင်ယှဉ်ပြိုင်မည့် အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်

ရန်ကုန် အောက်တိုဘာ ၂၁

အာဆီယံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာအမျိုးသမီးဖူဆယ်အသင်းပါဝင်ယှဉ်ပြိုင်မည့် အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်း ပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ pasig မြို့တွင် နိုဝင်ဘာလ ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဖူဆယ်အသင်းအပါအဝင် အိမ်ရှင်ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်း၊ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ကစားသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည်နိုဝင်ဘာလ ၁၆ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် လည်းကောင်း၊ နိုဝင်ဘာလ ၁၈ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအပြီးတွင် အဆင့် ၃ နှင့် အဆင့် ၄ နေရာရအသင်းတို့သည် နိုဝင်ဘာလ ၂၁ ရက်တွင် တတိယလုပွဲအဖြစ်လည်းကောင်း၊ အဆင့် ၁ နှင့် အဆင့် ၂ နေရာရ အသင်းတို့သည် နိုဝင်ဘာလ ၂၁ ရက်တွင် ဗိုလ်လုပွဲအဖြစ် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

စည်သူအောင်

★ **စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်ရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ဒေသန္တရမွေးမြူခြင်းထက် လှောင်၍မွေးမြူပြီးဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက စားသောက်ကုန်များ များစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိအဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်းလိုကြောင်း၊ တိုင်းပြည်၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများဆောင်ရွက်မှုများတွင် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတွင်းရှိ အခြားသောပြည့်ဖြိုးမြဲ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဥပမာအားဖြင့် သစ်၊ ဝါး၊ ကြိမ်၊ ရော်ဘာတို့ကို အခြေခံသည့်တန်ဖိုးမြင့်ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**ဝါနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လို**ကြောင်း၊ ပြည်နယ်နှင့် တိုင်းအားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများ အဆင့်အထိတိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ တစ်ခေတ်ဆန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရော်ဘာထုတ်ကုန်များကိုလည်း မိမိတို့ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်၍ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများကိုအားပေး၍ ပြည်တွင်းလိုအပ်ချက်ပြည့်မီစေရေး ထုတ်လုပ်နိုင်ကြရန်လိုကြောင်း။

## ပညာရေးနှင့် ခရီးသွားကဏ္ဍ

မကြာမီကာလအတွင်း တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားများအားလုံး လုံခြုံချောမွေ့စွာ၊ ပျော်ရွှင်ချောမွေ့စွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ စိတ်လက်ချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေးကျောင်းများအတွင်း သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ပေးကြရန်လိုသကဲ့သို့ တန်းစဉ်အလိုက် သင်ရိုးအားလုံး တတ်မြောက်စေရေးအချိန်ပိုစာသင်ချိန်များဖြင့် သင်ကြားပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုအခါ ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားများလာရောက်လည်ပတ်လိုသည့် ဒေသများဖြစ်စေရေး **ဒေသများအလိုက် သန့်ရှင်းသာယာလှပပြီး ပန်းပေါင်းဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြစေလို**ကြောင်း၊ အလားတူ ဒေသအလိုက် ထုတ်ကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်းခိုသည့် ဟိုတယ်များနှင့်တည်းခိုခန်းများ သန့်ရှင်းမှုရှိစေရေးအတွက်လည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး စံပြစိုက်ခင်းများ စိုက်ပျိုး၍ဆောင်ရွက်သွားရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မူဝါဒများကို အောက်ခြေအဆင့်အထိ သိရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသလုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်တွင်လည်း အရည်အချင်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ဖြည့်စွက်မှာကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို စည်းကမ်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်နှင့် ပုဇွန်မွေးမြူခြင်းလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်၍ ရေထွက်ပစ္စည်းတိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပသို့ ပညာတော်သင်သွားရောက်သည့်ကိစ္စများနှင့်ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအလိုက်ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများမှအဓိကအချက်များကို ဦးစားပေးအနေဖြင့် အကောင်အထည်ဖော်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းနှင့် အခြားကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တကျဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးရည်မှန်းချက်ကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးစီမံကိန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရည်မှန်းချက်တစ်ခုချင်းအလိုက် စနစ်တကျဖြင့်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းတာဝန်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရည်မှန်းချက်များကို တစ်ဆင့်ချင်း အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုပြီး တာဝန်ယူမှု၊တာဝန်ခံမှုအပြည့်ဖြင့် မိမိတို့ထမ်းဆောင်ရသည့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်




နေပြည်တော် အောက်တိုဘာ ၂၁

လာအို-မြန်မာ နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး H.E. Mdm. Baykham KHATTIYA နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏လုပ်အားသယံဇာတဖြစ်ပြီး မူရင်းနိုင်ငံနှင့်လက်ခံသည့်နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် နေရာချထားရေး၊ လူမှုဖူလုံရေး၊ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များတွင် အထူးသဖြင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေမည့် အခြေခံကျသော အလုပ်သမားရေးရာ အခြေခံမှုများနှင့် အလေ့အထများ ချမှတ်သွားရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "မြန်မာ့အလုပ်သမားရေးရာနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ မျှဝေခြင်း" ကဏ္ဍတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ပြုလုပ်ရာတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအလေးထားဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍများဖြစ်ပြီး ယင်းကဏ္ဍများကို မြှင့်တင်၍ နိုင်ငံ့စီးပွားရေး မြင့်မားရန် နိုင်ငံတော်၏ ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေးတို့အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ခေတ်စနစ်နှင့်အညီ ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာအမျိုးသားအဆင့် ငါးနှစ်တာလုပ်ငန်းစီမံချက်ကို ပထမအကြိမ်နှင့်ဒုတိယအကြိမ်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ပြည်ပရှိ မြန်မာအလုပ်သမားများကို ကူညီဆောင်ရွက်ပေးရန် အလုပ်သမားသံအရာရှိများကို ကိုရီးယား၊ ထိုင်း၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့တွင် ခန့်အပ်တာဝန်ပေးထားပြီး သံအရာရှိမရှိသည့်နိုင်ငံများတွင် မြန်မာသံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အနာဂတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းကဏ္ဍတွင် နှစ်နိုင်ငံကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆက်လက်၍ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်သမားဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံအလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်၊ ယဉ်ကျေးမှုကိုထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

❖ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးအရကောက်ယူရန် ကျန်ရှိသည့်နေရာများတွင်လည်း ဆက်လက်ကောက်ယူနိုင်ရေးဆောင်ရွက်လျက်ရှိ . . .

❖ ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ဘတ်ဂျက်အပြင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရန်လိုအပ်သဖြင့် နိုင်ငံတော်အဆင့် အလှူငွေလက်ခံခြင်းကို ၃ ကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော်ရရှိခဲ့ . . .

❖ နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိအဆင့်မြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့်နည်းပညာများဖန်တီးပေးနိုင်ရမည်ဖြစ် . . .

❖ တိုင်းပြည်၏အခြေခံအရင်းအမြစ်များကိုအကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါကအကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ် . . .

★ ရှေ့ဖုံးမှအဆက်

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်နေ့အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခဲ့ကြောင်း၊ အများစုကောက်ခံပြီးဖြစ်သော်လည်း ဆက်လက်၍ ကောက်ယူရန်ရှိသည့်နေရာများ ကျန်ရှိနေသေးကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးအရ ကောက်ယူရန် ကျန်ရှိသည့်နေရာများတွင်လည်း ဆက်လက်ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းကောက် ယူခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအားလုံးကို နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး

ပြီးခဲ့သည့်လအတွင်းရာဂိမုန်တိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခဲ့သည့် အရှိန်များကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပွားစဉ် လူသေဆုံးမှုအနေဖြင့် ယခုအချိန်အထိစာရင်းအရ ၄၄၄ ဦးရှိခဲ့ကြောင်း၊ အလားတူ အိမ်မွေးတိရစ္ဆာန်များသေဆုံးခဲ့သကဲ့သို့ နေအိမ်အဆောက်အဦများ၊ လမ်းတံတားများပျက်စီးခဲ့ပြီး ယာဉ်၊ ယန္တရားများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနက် ယခုဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် စေတနာရှင်ပြည်သူများနှင့် ပရဟိတအဖွဲ့အစည်းအသီးသီးအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရသဖြင့်လည်း မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ဘတ်ဂျက်အပြင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရန်လိုအပ်သဖြင့် နိုင်ငံတော်အဆင့် အလှူငွေလက်ခံခြင်းကို ၃ ကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့်လည်း သက်ဆိုင်ရာနေရာအသီးသီးသို့ သွားရောက်လှူဒါန်းခြင်း၊ ဝိုင်းဝန်းကူညီခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ အသင်းအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် စေတနာရှင်၊ အလှူရှင်များအားလုံး၏ လှူဒါန်းမှုများကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း။

## မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဆောင်ရွက်

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကို ကျင်းပခဲ့ပြီး မကြာမီအချိန်တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးကို ယခုကဲ့သို့အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည့် ကဏ္ဍ

အလိုက် တာဝန်ရှိသူများကို အသိအမှတ်ပြုကြောင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအားလုံးမှ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခု **မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်**ကြောင်း၊ ထိုသို့ **ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်ဖြစ်**ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ဆက်လက်၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

### ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တာဝန်ထမ်းဆောင်မှု

ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ထမ်းဆောင်ရသည့် ကဏ္ဍအလိုက်နှင့် ဒေသ၏အကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့်မှ သိသင့်သိထိုက်သည်များကိုတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံတော်အဆင့်မှလမ်းညွှန်မှာကြားရန်လိုအပ်သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည်များကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့် ပတ်သက်ပါက အချိန်နှင့်တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် အလေးထားတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်ရုံးဌာနများနှင့် လုပ်ငန်းတာဝန်များ ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အခက်အခဲများဖြစ်ပေါ်ပါက တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးရိုးသားသားဖြင့် မှန်မှန်ကန်ကန်ဖြစ်အောင်ဆောင်ရွက်သွားရန်လိုပြီး မိမိတို့လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

### ကမ္ဘာပေါ်တွင်စားရေရိက္ခာ ထုတ်လုပ်သည့် နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်အောင်ကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကိုအားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ကြောင်း၊ သို့သော်ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုအားနည်းနေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း ထိုက်သင့်သလောက် တိုးတက်မှုမရှိသေးကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကVideo Conferencing ဖြင့် တက်ရောက်စဉ်။

**❖ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများဆောင်ရွက်မှုများတွင် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရ၊ နိုင်ငံတွင်းရှိ အခြားသောပြည့်ဖြိုးမြဲ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းများကိုလည်း အားပေးဆောင်ရွက်ကြစေလို . . .**

**❖ ဝါနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လို . . .**

**❖ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ဆရာ၊ ဆရာမများ၏စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေးဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

**❖ ဒေသလုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိ၊ သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လို . . .**

**❖ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးရည်မှန်းပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းနှင့် အခြားကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ စနစ်တကျဖြင့် အောင်မြင်အောင်ကျင်းပနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိ . . .**

တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် စံပြစိုက်ခင်းများ စိုက်ပျိုး၍ စံနမူနာပြဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါတိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအား တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့တွင်ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချနိုင်ရမည်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကိုလည်း လေ့လာအတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက်လည်း အသီးအနှံများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တွင်ရှိသည့်အခြေခံကောင်းများကို ကောင်းစွာအသုံးချနိုင်ခြင်းသည် နိုင်ငံ၏အားပင်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များနှင့်ပို့ကုန်များ တိုးမြှင့်လာအောင်ဆောင်ရွက်ကာ ကမ္ဘာပေါ်တွင် စားရေရိက္ခာကိုထုတ်လုပ်သည့် **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union Government meeting 7/2024



Senior General Min Aung Hlaing addresses the Union Government meeting (7/2024).

NAY PYI TAW October 21

The Union Government meeting 7/2024 held at the meeting hall of the State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, union ministers, union level officials, the Nay Pyi Taw Council chair, Chin State chief minister and officials. Region/state chief ministers took part in the meeting through video conferencing.

**Enumeration of population and housing census**

In his keynote address, the Senior General said the national census was enumerated from 1 to 15 October. Collection was completed in many of the areas, but some are still remaining. As population and housing census must be enumerated as a national cause, arrangements are underway to undertake the task in the areas that are still remaining due to security. He thanked and recognized all the persons who participated in the enumeration task sector wise.

**Rehabilitation of flood-hit areas**

The Nay Pyi Taw Council Area and regions and states faced floods due to the effects of typhoon Yagi and low depression area formed in the Bay of Bengal. Human death due to the flood was recorded 444 to this date. There were also domestic animal fatalities, property, road and bridge damages and machinery losses. The recent one is the worst among the damages caused by heavy rains in the country. The collective assistance rendered by well-wishers and welfare organizations is also recognized.

As rehabilitation in the flood-hit areas is an enormous job, it needs the involvement of the entire people, apart from State's financial assistance. Hence, the State conducted donation ceremonies three times and received a total of over Ks-53 billion. Some rendered assistance through individual- or organization-wise donations made at the relevant flood-hit areas. Likewise, members of Tatmadaw, Myanmar Police Force and Red Cross societies at all levels joined forces in the rehabilitation task. The State thanked them and recognized their contributions.

**Preservation of Myanmar traditional culture**

The 25th Myanmar Traditional Cultural Performing Arts Competitions was held to nurture and preserve Myanmar traditions and culture, and soon, the prize-presentation ceremony will be held. Officials who joined hands in the respective sectors for the success of the Competitions are honoured. Arrangements should be made to enable the participation of all culture-lovers from regions and states in the Competitions. **The country will be able to preserve its cultural heritage through the Competitions. The country will be strong and sustainable, only if it can preserve its culture.** In this regard, all the national brethren of the Union should join hands in the task

**Responsibilities of ministries and region/state governments**

Ministries and region/state chief ministers are shouldering their sector-wise duties and serving the regional interest. Hence, they must submit required information to the State-level institutions, and through this method, the latter will provide directives and support as and when necessary. Especially, the prevailing situation in border areas must be prioritized as they need emergency response. Any difficulties in contacting the Union-level offices and departments must be informed. Honesty and perfection are required in shouldering the State duties as the efficacy of the performances will be tested.

**Efforts must be made to stand as a country producing food and basic needs**

The government has exerted efforts to stimulate the economy, which saw a downturn due to COVID-19. As the government has encouraged the manufacturing sector based on major sectors of the country such as agriculture and livestock breeding, the economy has grown. Compared with regional countries, however, the economy has still weakened. Although the government has pushed the agriculture sector to try to meet targets, appropriate progress has not been achieved. Responsible officials in respective regions and states are required to exert efforts to meet crop production targets. It is necessary to establish model plantations to set good examples in regions and states. Similarly, efforts must be made to boost capacity for multicropping. If efforts are made to meet crop targets, related production and services will develop and the GDP of the country will increase. Concerted effort must be made for economic development of the country and full-fledged operations of the manufacturing sector.

It is necessary to achieve success in production industries based on agriculture and livestock breeding by beneficially utilizing favourable conditions and sound foundations that the country has already possessed. Water must be utilized beneficially. Land must be properly prepared and techniques from other countries that are successful in agriculture and livestock breeding must be learnt and utilized. It is necessary to boost agricultural production to promote exports. Utilizing favourableconditions the country has already possessed amounts to the strength of the country. Efforts must be made to take pride as a country producing food and basic needs by successfully carrying out agriculture and livestock breeding tasks.

Livestock breeding tasks must be carried out systematically. It will be greatly beneficial if animals are raised in shelters instead of breeding them traditionally. To nurture human resources that will contribute to agriculture and livestock breeding, basic agriculture, livestock breeding and technical schools are being opened. If agriculture and livestock breeding tasks are successfully carried out, the nation will be a country that produces foodstuffs abundantly.

Industries based on timber, bamboo, rattan and other forest products must be able to manufacture high quality products for exports. Opportunities must

See Page - 19 ●●

●● From Page - 18

be created and techniques must be developed to do so. After reaping forest products, new plants must be recultivated. If resources of the country can be utilized effectively, it will be beneficial for the country and economic development will be achieved.

It can be seen that priority is given to foodstuff industries in implementing MSMEs. It is necessary to encourage businesses to manufacture value-added products from other renewable resources in the country. For instance, job opportunities can be created and economic development can be achieved if value-added products based on timber, bamboo, rattan and rubber can be manufactured.

**In connection with cotton, Magway, Sagaing and Mandalay regions are required to play a leading role in implementing industries based on cotton.** There are textile industries in all regions and states and measures must be taken to meet the cotton demand of the country. Industries related to cotton must be implemented with farsightedness and if high quality textiles can be produced from cotton grown in the country, imports of textiles from other countries can be reduced and surplus can be exported after fulfilling the demand. Efforts must be made to create a new era for cotton. Similarly, rubber material production must be boosted and imports of them must be reduced. Measures must be taken to meet the domestic rubber demand by encouraging rubber cultivation.

**Education and tourism sectors**

Universities will be reopened soon. Measures must be taken to enable all school-aged children to go to school and to allow all of them to study safely, conveniently and happily. It is necessary to take steps for cleanliness to enable students to study conveniently after schools that were temporarily closed due to natural disasters have been reopened and to open extra classes so that they will be able to learn full curriculums. Efforts will be made to open more schools, to enhance the capabilities of teachers and to maintain features of school buildings.

Currently, with the onset of the open season, it is expected that both domestic and international travel will increase. Therefore, **relevant states and regions are instructed to maintain clean, pleasant, and flower-filled destinations to attract visitors.** Similarly, it is necessary to work on producing high-quality local products and ensure that hotels and guesthouses maintain cleanliness under the supervision of responsible authorities.

Following this, the Chairman of the Nay Pyi Taw Council, Chief Ministers of regions and states provided updates on the status of ongoing activities in education, healthcare, agriculture, and manufacturing.

In response, the Senior General emphasized the need for the development of model farms for agricultural progress and for the maintenance of trees planted during the rainy season to ensure their growth. He also highlighted the importance of communicating policies down to the grassroots level and encouraged coordinated efforts for regional development. Successful execution of tasks requires a process of checking, rechecking, and counter-checking. Regarding regional security, it was noted that public safety measures are actively in place, and security operations in relevant areas need to be systematically implemented. Additionally, preparations are underway for competitive participation in the National Sports Festival to be held in December.

Union Ministers then presented reports on their respective sectors.

Later, Senior General Min Aung Hlaing discussed matters such as regulating coastal and offshore fishing activities in accordance with rules, promoting prawn farming for the development of the seafood industry, and increasing rubber production yields. He also addressed the need for screening and permitting overseas study programs according to established rules.

In his closing remarks, the Senior General reiterated the importance of ministries achieving their set goals by prioritizing key aspects of national plans. Efforts are being made to prepare for the upcoming elections, including conducting a population and housing census, as well as other pre-election preparations in a systematic manner.

It was noted that the five-point roadmap is being implemented, with a focus on achieving economic objectives. To ensure the success of economic plans, Union-level ministries must oversee their execution systematically. If each goal is pursued methodically, tasks will be accomplished successfully. The meeting then concluded with instructions for implementing responsibilities effectively and addressing employees' performance under strict discipline, marking the end of the session.

**100**

# Monsoon green gram planted on more than 5,000 acres of land in Kyunhla Township

KYUNHLA October 21

Statistics of Kyunhla Township Agriculture Department of Sagaing Region stated that a total of 5,415 acres of croplands have been placed under monsoon green gram in Kyunhla Township this monsoon.

In 2024-2025 monsoon, Kyunhla Township earmarked cultivation of 5,412 acres of monsoon green gram but local farmers have planted 5,415 acres of crops exceeding the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department said: "Local authorities planned to grow 5,412 acres of green gram this monsoon but local farmers exceeded cultivation of green gram on 5,415 acres of land more than the target. Our department shared knowledge of cultivation with local farmers to grow green gram and urged them to use quality strains of crops for boosting per-acre yield."

Officials of the township agriculture department helped local farmers use quality strains of crops suitable for the region, agricultural techniques, prevention of pests and systematic use of fertilizers.

The department cooperates with local farmers in increasing per-acre yield of crops with provisions of quality strains of crops and agricultural inputs as well as post-harvest technology.

**SMK**

# Surging demand for tilapia fish boosts sales in Bogale Township

BOGALE October 21

"The sale of tilapia fish from Bogale Township, Ayeyawady Region is good," said Daw Yee Mon, an entrepreneur selling fishery products in Bogale Township.

In the meat and fish market of Bogale Township, from the second week of September until now, the purchase of local tilapia fish has been strong and the sales are good. It is reported that 40 to 70 visses of fish per day are being traded.

"Fishery products from Bogale Township are mainly sent and sold in the Yangon market as well as the local market. Due to the good domestic consumption, there is a strong demand for tilapia fish, so the trade is good. At present, there is a lot of trading in tilapia fish. Because the fish is shipped and sold a lot, it is convenient for entrepreneurs and traders. Now, due to the good demand for fish, fish breeders are breeding more fish. The price of fish is in normal condition," she said.

**SMK**

# Customs department urges exporters to provide real-time trade data

NAY PYI TAW October 21

The Customs Department notified that exporters need to make real-time trade reporting to facilitate trade, as per its notification 005/2024.

Customs Department is making continuous efforts to ensure smooth trade flow. Real-time information on exported goods is sent simultaneously to the departments concerned upon allowed shipment. Regarding short shipment and ED cancellation reports, there will be amendments in export documents and bills of lading for trade quantity, description of goods and cost.

Yet, some companies are found to fail to send real-time data of short shipments and ED cancellation months after allowed shipment, causing amendments in trade data of the departments concerned and hindering the repatriation process of export earnings.

In order to ensure the accuracy of trade data statistics, exporters need to fill in export declarations with correct information about the type, quantity, and destination of goods to be shipped. Customs Department stated that they need to immediately send a letter to Customs officers in case of amendments in trade data, short shipment, or cancellation.

**SK**

# Expanded BRICS cooperation to further contribute to global governance, says Chinese envoy




MOSCOW October 21

The expanded BRICS cooperation will make more contributions to improving the global governance system, said Chinese Ambassador to Russia Zhang Hanhui.

In an exclusive interview with Xinhua ahead of the 16th BRICS Summit scheduled from October 22 to 24 in Russia's Kazan, Zhang noted that the summit is the first BRICS leaders' offline summit since the group's expansion.

As the BRICS mechanism enters a new era of greater cooperation, BRICS members will continue to pursue modernization together, contribute more to improving the global governance system, and offer "BRICS solutions" to the major transformations happening worldwide, Zhang said.

Noting that BRICS countries represent the collective rise of emerging markets and developing nations, Zhang said BRICS has now become stronger, more influential, and full of potential with its recent expansion.

Noting that China and Russia, both permanent members of the United Nations Security Council and major emerging markets, Zhang said the two countries have always stood shoulder to shoulder, working closely to firmly defend the UN-centered international system, the outcomes of World War II, as well as international fairness and justice.

Noting that China has assumed the presidency of the Shanghai Cooperation Organization (SCO) while Russia holds the presidency of BRICS, the ambassador said that both sides are supporting each other in their respective chairmanship, further strengthening cooperation within a robust SCO and BRICS framework.

During the summit, Chinese President Xi Jinping and his Russian counterpart are expected to hold in-depth discussions on bilateral relations, cooperation in various fields, and major international and regional issues, promoting the stable and long-term development of bilateral relations in the new era, he said.

This year marks the 75th anniversary of the establishment of diplomatic relations between China and Russia. Zhang noted that for three-quarters of a century, China-Russia relations have withstood the test of time and international changes, advancing steadily on the path of mutual respect, equality, peaceful coexistence, and win-win cooperation. **Xinhua**

# BMW Brilliance kicks off geothermal energy project in China's Shenyang




SHENYANG October 21

German carmaker BMW Group's joint venture in China on Monday kicked off a geothermal energy project aimed at realizing 100 percent non-fossil energy heating for its factories in Shenyang, capital of northeast China's Liaoning Province.

Under the project, BMW Brilliance Automotive Ltd. (BBA) will drill 28 medium-deep geothermal wells, which will be completed and provide a total heating area of approximately 580,000 square meters by the 2025 heating season.

"We believe that investing in sustainable development is investing in the future. Starting today, our exploration of geothermal energy has entered a new chapter," said Dai Hexuan, president and CEO of BBA.

Geothermal energy is a stable and low-carbon form of renewable energy with large reserves and widespread distribution in China.

In the geothermal energy project, BBA is expected to adopt a number of industry-leading technologies to collect the energy at a depth of approximately 2,900 meters underground in a pollution-free and zero-emission manner.

The energy exploration will be carried in an enclosed process. The project is expected to achieve an annual carbon emission reduction of 18,000 tons, the company said.

BMW has been increasing its investment in Shenyang in recent years. In November 2023, BBA completed the construction of the main building of a new battery production plant, with a total investment of 10 billion yuan (about 1.4 billion U.S. dollars). The geothermal energy will be mainly used to supply winter heating in the factory and the company's assembly plant. **Xinhua**

# Cooperation between Russia, UAE in international arena important for global issues - Putin

MOSCOW October 21

Cooperation between Russia and the UAE in the international arena is important for global issues, Russian President Vladimir Putin said on Monday.

"Our interaction is very important not only for regional affairs, but also for global issues. We actively interact in international organizations as well as at such large international universal platforms as the United Nations," Putin said during negotiations with UAE President Mohamed bin Zayed Al Nahyan.

The Russian president also said that he and his counterpart from the UAE managed to discuss all the "sensitive issues" in the two states' cooperation during their informal meeting on Sunday.

The UAE will continue to assist Russia and Ukraine in exchanging prisoners and is ready to make additional efforts to resolve the crisis situations, UAE President Mohamed bin Zayed Al Nahyan said on Monday.

The leader added that in 2018, the trade between the countries, with the exception of the oil sector, amounted to US$-2.5 billion, and in 2023 this figure exceeded US$-11 billion.

"For our part, we are ready to make every effort to achieve even higher indicators," the president said. **Sputnik**

# US, Canadian navy ships pass through Taiwan Strait – Taiwan's Ministry of Defence

BEIJING October 21

US and Canadian navy ships passed through the Taiwan Strait on Sunday, the Taiwanese Defence Ministry said on Monday.

"One United States and one Canadian naval vessel sailed through the Taiwan Strait from south to north yesterday," the ministry wrote on X.

Taiwan's armed forces maintained full control over the relevant maritime area and airspace during the ships' passage, and the situation was under control, the ministry added.

The situation around Taiwan has become significantly more tense since Nancy Pelosi, then-Speaker of US House of Representatives, visited the island in early August 2022. China, which considers the island one of its provinces, condemned Pelosi's visit, seeing it as US support for Taiwanese separatism, and held large-scale military exercises. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# World-1st nuclear reactor-powered 'civilian' ship to raise half-a-billion dollars

Shipping nuclear propulsion startup CORE POWER will shortly reach its funding milestone of US$-500 million, which will allow it to finish the technology design and move on to the next steps.

The startup, based in the United Kingdom, is planning to build the world's first maritime 'civil' nuclear program in the Organization for Economic Cooperation and Development (OECD).

CORE POWER states that this technology will be able to run large ocean-going cargo ships with nuclear power, resulting in enhanced efficiency and little to no emissions. It also plans to offer floating nuclear power, which it estimates could reach US$-2.6 billion by the year 2060.

**CORE POWER's mission of advanced nuclear power for maritime**

CORE POWER states that nuclear energy is the only zero-emission energy source for ships throughout their lifetime.

However, the main hurdle is getting naval reactors insured. Therefore, although the technology has been used since the 1950s, it has not been widely adopted.

To enable worldwide adoption, CORE POWER aims to build advanced reactors designed for commercial insurance approval. These reactors could revolutionize maritime operations by enhancing cargo capacity, speed, and operational duration.

"At CORE POWER, we're working to realize a future of superior quality ships operating under robust regulations and crewed by highly qualified personnel. Our goal is to make true zero-emission maritime propulsion a reality, ushering in a new era of sustainable and efficient global maritime trade," reads the company's website.

**Floating nuclear power plants and other planned innovations**

Moreover, the company is also planning to build floating nuclear power plants. These power plants can be manufactured centrally and transferred to operation sites.

They are designed to offer flexible power supply for local grids, providing heating, cooling, and Electric vehicle charging.



According to CORE POWER, the floating nuclear plants' offshore nature will protect them from earthquakes, tsunamis, and volcanic eruptions. They can also be rapidly deployed to meet urgent energy needs.

The startup believes that electricity generated by floating nuclear power plants can also be used in other areas, such as green hydrogen production, which can help create zero-carbon transportation fuels and green steel production.

It also aims to build a floating water desalination plant that can produce freshwater round the clock from the sea without causing environmental pollution. They can be easily relocated along coastlines to meet any changes in needs.

**I.E**

# World's 1st hydrogen-powered wheel loader to save 100 metric tons of $CO_2$ yearly




In a world-first, German-Swiss equipment manufacturer Liebherr has rolled out L566 H, a prototype large wheel loader powered by hydrogen. Teaming up with construction company Strabag, the loader is being deployed as part of a two-year pilot project at Gratkorn quarry in Austria.

With countries aiming to reduce their carbon emissions to net zero as early as 2040, there is a push for innovations in the transportation and construction industry, which have conventionally been the highest emitters of planet-warming emissions.

While the urban transportation industry has achieved some success in electrifying small—to medium-sized vehicles, large-scale vehicles such as loaders cannot be operated with stored energy from batteries.

The high power demand of these equipment makes them unsuitable for battery operation, which is where hydrogen can help.

**Hydrogen-powered heavy loader**

Due to its high energy density, hydrogen is being explored as an alternative to fossil fuels. When used in a fuel cell, hydrogen is mixed with oxygen to generate electricity. However, Liebherr's plans for the L566 H are much different.

The company uses hydrogen in a specially modified combustion engine that can burn hydrogen instead of diesel to power the heavy loader. Made at Liebherr's components division at its engine plant in Bulle, Switzerland, the modified combustion engines produce no $CO_2$ or nitrous oxide gases while offering high energy efficiency.

"The technology also enables large vehicles that are difficult to electrify due to their high energy demand to be operated without $CO_2$," said Dr.-Ing. Herbert Pfab, Tech-nical Director of Liebherr in the press release.

According to its estimates, if it were powered by diesel, the L566 H would prevent the emission of 100 metric tons of CO2 every year.

**But is it scalable?**

Although pilot projects are meant to test new technology and determine if they can be scaled up, powering a heavy loader with hydrogen could be considered a pipe dream. According to Liebherr's estimates, the L566 H will prevent the use of over 9,900 gallons (37,500 liters) of diesel, but the equipment will need to be supplied with green hydrogen to prevent emissions.

At the pilot project site, the heavy loader will be refueled with green hydrogen supplied by Energie Steiermark, but the availability of green hydrogen is still a problem.

**I.E**

## CULTURE

# ရှေးခေတ်ဆီးရီးယား၌ ကလေးအလုပ်သမားအသုံးပြုမှုရှိသည်ကိုတွေ့ရ


ရှေးခေတ်ဆီးရီးယားဒေသမှာ ကလေးငယ်များက အိုးလုပ်ငန်းထဲပါဝင်လုပ်ကိုင်ခဲ့ရတယ်ဆိုတာကို ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိလိုက်ရတယ်လို့ဆိုပါတယ်။ အကြောင်းရင်းကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၅၀၀ တုန်းကလုပ်ခဲ့တဲ့အိုးတစ်လုံးပေါ်မှာ ကလေးလက်ဗွေရာကို တွေ့ရှိလိုက်ရတာကြောင့်ပါ။

တဲအဗစ်တက္ကသိုလ်နဲ့ ကိုပင်ဟေဂင်အမျိုးသားပြတိုက်မှ ပညာရှင်များပါဝင်တဲ့ ရှေးဟောင်းသုတေသနပညာရှင်များကရှေးခေတ်ဆီးရီးယားဒေသရဲ့ တဲဟာမာမြို့မှာထုတ်လုပ်ခဲ့တဲ့ အိုးတစ်လုံးကို အနုစိတ်လေ့လာမှုတွေပြုလုပ်ပြီးနောက် အဲဒီခေတ်တုန်းက အိုးလုပ်ငန်းမှာပါဝင်ရသူ သုံးပုံနှစ်ပုံခန့်က အသက်ခုနစ်နှစ်ဝန်းကျင်ရှိတဲ့ ကလေးငယ်တွေဖြစ်တယ်လို့ သူတို့ရဲ့သုတေသနစာတမ်းကို အဆုံးသတ်ဖော်ပြထားပါတယ်။

သုတေသီများက ၁၉၃၀ ပြည့်နှစ်ကာလအတွင်းမှာ တူးဖော်ရရှိပြီး ကိုပင်ဟေဂင်အမျိုးသားပြတိုက်မှာ ကောင်းစွာထိန်းသိမ်းပြသထားတဲ့အိုးတွေကိုလေ့လာပြီးနောက် အခုလိုမျိုးထုတ်ပြန်ခဲ့တာဖြစ်ပြီး အိုးလုပ်ငန်းလုပ်ကိုင်သူထက်ဝက်ခန့်က အသက် ၁၈ နှစ်အောက်တွေဖြစ်ပေမယ့် ယောကျ်ားလေး၊ မိန်းကလေးဦးရေက ညီမျှမှုရှိတယ်လို့ဆိုထားပါတယ်။

**Ref: IE**

**K.H**




# နှစ် ၂၀၀၀ သက်တမ်းရှိ ကမ္ဘာ့အံ့ဖွယ်နေရာတစ်ခုမှ အရိုးစု ၁၂ ခုကိုတူးဖော်ရရှိ

ဂျော်ဒန်နိုင်ငံရှိ ပတ်ထရာမြို့ဟောင်းမှာရှိတဲ့ ဘဏ္ဍာတိုက်အမည်ရနေရာက ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးမှာ တစ်ခုအနေနဲ့ပါဝင်တဲ့နေရာပါ။ သက်တမ်းက နှစ်ပေါင်း ၂၀၀၀ ကျော်ကြာပါပြီ။ အခုအဲဒီနေရာမှာရှိတဲ့ ဂူသင်္ချိုင်းတစ်ခုကနေ အရိုးစု ၁၂ ခုကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်ရရှိလိုက်ပါတယ်။


ဒီဂူသင်္ချိုင်းတူးဖော်မှုကို အမေရိကန်သုတေသနစင်တာ အမှုဆောင်ညွှန်ကြားရေးမှူး ပီးယာ့ပေါ်ခရိုစမန်းကဦးစီးလုပ်ဆောင်တာဖြစ်ပြီး အဲဒီနေရာကနေ လက်မှုပစ္စည်းများစွာကိုလည်း တွေ့ရှိလိုက်ရသလို အခုလိုမျိုးတူးဖော်နိုင်မှုဟာရှားပါးဖြစ်စဉ်တစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အခုလိုမျိုးတူးဖော်နိုင်မှုက အရင်ကသိရှိထားတဲ့အကြောင်းအရာကို ပြောင်းလဲသွားစေနိုင်သလို နာဘာတင်းပြည်သူများရဲ့ လူ့ဂုဏ်ဓလေ့ချက်များကိုလည်း သိရှိနိုင်စေမှာဖြစ်တယ်လို့ ရှေးဟောင်းသုတေသနပညာရှင်များကပြောထားပါတယ်။

သုတေသနပညာရှင်များဟာ အရင်တုန်းကလည်း ပတ်ထရာမြို့ဟောင်းကနေ အခြားသော ဂူသင်္ချိုင်းတွေကိုတူးဖော်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီဂူသင်္ချိုင်းတွေကနေတော့ ဘယ်အရာမှတူးဖော်မရခဲ့ပါဘူး။ အခုမှသာ အရိုးစုတွေပါတဲ့ဂူသင်္ချိုင်းကိုတွေ့ရှိရတာပါ။

**Ref: IE**

**K.H**



## HEALTH

# စတော်ဘယ်ရီများစားသုံးခြင်းဖြင့် နှလုံးရောဂါအတွက် အကျိုးကျေးဇူးများစွာရရှိစေနိုင်



နှလုံးရောဂါဆိုတာမျိုးက နှစ်စဉ်ကမ္ဘာတစ်ဝန်းမှာ လူပေါင်းများစွာကိုသေဆုံးမှုတွေဖြစ်စေတဲ့ ရောဂါတစ်မျိုးဖြစ်ပေမယ့် အခုအဲဒီရောဂါဖြစ်ပွားမှုကို တားဆီးနိုင်စေဖို့နည်းလမ်းတစ်ခုတွေ့ရှိလိုက်ရပါပြီ။ အဲဒါကတော့ စတော်ဘယ်ရီသီးတွေကို နေ့စဉ်စားသုံးပေးခြင်းပဲဖြစ်ပါတယ်။

စတော်ဘယ်ရီသီးတွေကိုစားသုံးပေးခြင်းက နှလုံးကျန်းမာရေးကိုတိုးတက်စေတဲ့အပြင် သွေးတွင်းသကြားဓာတ်ပမာဏကိုလည်း ထိန်းညှိပေးနိုင်တယ်ဆိုတဲ့အချက်ကို သုတေသနပညာရှင်များက တွေ့ရှိထားတာပါ။


စတော်ဘယ်ရီမှာ ပိုလီဖီနောနဲ့အမျှင်ဓာတ်တို့လိုမျိုး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်ပါတယ်။ အဲဒီအရာတွေက သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးရုံတင်မကဘဲ ရောင်ရမ်းမှုကိုလည်း လျှော့ချပေးနိုင်ပါသေးတယ်။

ဒါကြောင့် စတော်ဘယ်ရီကိုအေးခဲနေသည်ဖြစ်စေ၊ လတ်လတ်ဆတ်ဆတ်ရှိသည်ဖြစ်စေ ဘယ်လိုနည်းနဲ့မဆိုစားသုံးနိုင်တယ်လို့ဆိုပါတယ်။

**Ref: STD**

**K.H**

# ကင်ဆာကုသရေးကိုတိုးတက်စေမယ့် နည်းလမ်းတစ်ခုထွက်ပေါ်လာ



ဗာဂျီးနီးယားတက္ကသိုလ်ဆေးကျောင်းမှသုတေသီများက ကင်ဆာရောဂါကုသရေးမှာ တိုးတက်မှုတွေရရှိစေမယ့် နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိလိုက်တယ်လို့ဆိုပါတယ်။

သူတို့ရဲ့နည်းလမ်းကတော့ အာဟာရဓာတ်တွေပြတ်လပ်သွားချိန်မှာ တဆေးကလာပ်စည်းတွေကို ငြိမ်သက်သွားစေဖို့အတွက် ကူညီပေးတဲ့နည်းလမ်းပဲဖြစ်ပါတယ်။ ဒီလိုနည်းလမ်းကိုဖော်ထုတ်နိုင်ခြင်းအားဖြင့် ကင်ဆာကလာပ်စည်းတွေဟာ အာဟာရပြတ်လပ်မှုကိုခံနိုင်စွမ်းမရှိဘဲ ကုသရလွယ်ကူစေမယ့် တခြားနည်းလမ်းတွေကိုပါ တီထွင်ကြံဆနိုင်စေမှာပါ။ သုတေသီများက ဘီယာချက်လုပ်ရာမှာအသုံးပြုတဲ့တဆေးနဲ့ သူတို့ရဲ့သုတေသနကိုစမ်းသပ်ခဲ့တာဖြစ်ပါတယ်။

**Ref: STD**

**K.H**

# ဆေးရွက်ကြီး၏သက်ရောက်မှုက ရာစုနှစ်များစွာအထိ အရိုးတွင်စွဲကျန်နေ



သုတေသနပညာရှင်များက ၁၂ ရာစုကနေ ၁၉ ရာစုအတွင်းသေဆုံးခဲ့သူများရဲ့အရိုးစုများကို လေ့လာမှုများလုပ်ခဲ့ရာ ဆေးရွက်ကြီးရဲ့သက်ရောက်မှုက ရာစုနှစ်ပေါင်းများစွာကြာသည်အထိ အရိုးထဲမှာစွဲကျန်နေတယ်ဆိုတာကို တွေ့ရှိလိုက်ပါတယ်။

အဲဒီလိုမျိုး သက်ရောက်မှုတွေထဲမှာ အရိုးရဲ့ပုံစံ ပြောင်းလဲသွားစေတဲ့အချက်ကိုလည်းတွေ့ရှိရတယ်လို့ဆိုပါတယ်။ ဒီအတွက်ကြောင့် ဆေးလိပ်နဲ့ဆေးရွက်ကြီးအသုံးပြုမှုဟာ တခြားရောဂါများကိုသာမက အရိုးပျက်စီးမှုကိုလည်းဖြစ်ပေါ်စေတယ်လို့ သုတေသနပညာရှင်များက သုံးသပ်ထားပါတယ်။

လက်ရှိအချိန်မှာတော့ ကမ္ဘာတစ်ဝန်း ဆေးလိပ်နဲ့ဆေးရွက်ကြီး အသုံးပြုသူစုစုပေါင်း ၁ ဒသမ ၃ သန်းအထိရှိနေတယ်လို့ ဆိုပါတယ်။

**Ref: IE**

**K.H**

# အမေရိကန်နှင့်ကနေဒါနိုင်ငံတို့မှ စစ်သင်္ဘောများ ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းမှုသည် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိုလျော့ပါးစေ

**ပေကျင်း၊ လုံခြုံရေး**

အမေရိကန်နှင့်ကနေဒါနိုင်ငံတို့မှ စစ်သင်္ဘောများက ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းမှုသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို လျော့ပါးစေကြောင်း တရုတ်တပ်မတော်က အောက်တိုဘာလ ၂၂ ရက်တွင်ပြောသည်။

တရုတ်တပ်မတော်ဘက်က ထိုင်ဝမ်ကျွန်းကို ဝိုင်းပတ်ပိတ်ဆို့သည့် စစ်ရေးဇာတ်တိုက်လေ့ကျင့်မှု လုပ်ဆောင်ပြီးနောက် သီတင်းပတ်တစ်ပတ်အကြာတွင် အမေရိကန်နှင့် ကနေဒါတို့မှ စစ်သင်္ဘောများက အောက်တိုဘာလ ၂၀ ရက်တွင် ထိုင်ဝမ်ရေလက်ကြားမှဖြတ်သန်းခြင်းဖြစ်သည်။ တရုတ်တပ်မတော် အရှေ့ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်မှ ရေတပ်နှင့်လေတပ်တို့က အမေရိကန်၏ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောနှင့် ကနေဒါ၏ ဖရီးဂိတ်စစ်ရေယာဉ်တို့ ထိုင်ဝမ်ရေလက်ကြားမှ ဖြတ်သန်းသွားသည်ကို အနီးကပ်စောင့်ကြည့်ခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုသာမက ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့ကို ကာကွယ်ရန် အမြင့်ဆုံးအဆင့်သတိရှိနေကြောင်း ထိုဌာနချုပ်မှပြောရေးဆိုခွင့်ရှိသူ လီရီကပြောသည်။

တရုတ်နိုင်ငံက ထိုင်ဝမ်ကျွန်းကိုယင်းတို့၏ပိုင်နက်နယ်မြေအဖြစ်သတ်မှတ်ထားသည့်အပြင် အမေရိကန်နှင့်ကနေဒါတို့ကလည်း ယင်းကျွန်းနှင့်တရားဝင်သံတမန်ဆက်ဆံရေးထူထောင်ထားခြင်းမရှိသည်ကိုတွေ့ရသည်။ Ref: SCMP



# ဂျပန်ရထားများပေါ်၌ ဓားမတိုးသည့်ထီးများကိုအသုံးပြုမည်

**တိုကျို၊ ဘေးကင်းရေး**

ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်များအတွင်း ဓားထိုးတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် နောင်တွင်အလားတူဖြစ်စဉ်များဖြစ်ပွားမှုကိုကာကွယ်နိုင်ရေးအတွက် ရထားများပေါ်၌ ဓားမတိုးသည့်ထီးများကို အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

ထိုထီးများကို ဓားသွားတိုးမပေါက်နိုင်သည့်ပစ္စည်းများဖြင့်ဖန်တီးထားခြင်းဖြစ်ပြီး အလေးချိန်မှာလည်းပေါ့ပါးကာ အသုံးပြုရလွယ်ကူစေသောကြောင့် ခရီးသည်များအနေဖြင့် ဓားထိုးတိုက်ခိုက်မှုများကို ကောင်းစွာကာကွယ်နိုင်စေမည်ဖြစ်သည်ဟု အနောက်ဂျပန်မီးရထားလိုင်းကုမ္ပဏီကပြောသည်။

ယင်းထီး၏ပုံစံမှာ သမားရိုးကျပုံစံသာဖြစ်သော်လည်း ဓားဖြင့်တိုက်ခိုက်သူထံမှ ခပ်ဝေးဝေးတွင်နေနိုင်စေရန် အရှည်ကို သာမန်ထက် စင်တီမီတာ ၂၀ ပိုရှည်ထားသည်။

ထို့အတူ ထီးရွက်က ဓားထိုးခံနိုင်သည်သာမက ထီးကိုပိုမိုတောင့်တင်းစေရန် ထီးကိုင်းများပိုထည့်ထားကြောင်း ကုမ္ပဏီက ပြောသည်။

လက်ရှိတွင် အဆိုပါဓားမတိုးသည့်ထီးအလက်ရေ ၁၂၀၀ ကို ကန်ဆိုင်းဒေသ၌ ပြေးဆွဲနေသော ရထားအစင်းရေ ၆၀၀ တွင် တင်ဆောင်အသုံးပြုသွားမည်ဟု သိရသည်။ Ref: SCMP



# ဗြိတိန်ဘုရင်ကို ဩစတြေးလျအမတ်တစ်ဦးက လူပုံအလယ်တွင်စော်ကား

**ကန်ဘာရာ၊ ပြည်တွင်းရေး**

ဩစတြေးလျဒေသခံလူမျိုး အမတ်တစ်ဦးက ဩစတြေးလျနိုင်ငံသို့ရောက်ရှိနေသည့် ဗြိတိန်ဘုရင် ချား(လ်) ၃ ကို လူပုံအလယ်တွင် စကားဖြင့်စော်ကားမှုလုပ်ဆောင်ကြောင်းသိရသည်။

ဗြိတိန်ဘုရင်က အောက်တိုဘာလ ၂၁ ရက်တွင် ဩစတြေးလျလွှတ်တော်၌ မိန့်ခွန်းပြောပြီးနောက် တစ်သီးပုဂ္ဂလလွှတ်တော်အမတ် လီဒီယာသော့ပက စကားဖြင့် စော်ကားမှုလုပ်ခြင်းဖြစ်သည်။

"ရှင်က ကျွန်မတို့ပြည်သူတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခဲ့တယ်။ ကျွန်မတို့နယ်မြေကိုပြန်ပေးပါ။ ရှင်တို့ခိုးယူသွားတဲ့ ကျွန်မတို့ရဲ့ အရိုးတွေ၊ ဦးခေါင်းတွေ၊ ကလေးတွေ၊ ပြည်သူတွေကိုပြန်ပေးပါ။ ရှင်က ကျွန်မတို့တိုင်းပြည်ကိုဖျက်ဆီးခဲ့တာပါ" ဟု လွှတ်တော်အမတ်က အော်ဟစ်ပြောဆိုခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော်ကြာကျရောက်ခဲ့ပြီး ထိုကာလအတွင်း ဒေသခံလူမျိုးများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုအကြိမ်ရေ ၂၇၀ ကျော်လုပ်ဆောင်ခဲ့ရာ လူထုထောင်ပေါင်းများစွာကို သေဆုံးစေခဲ့ကြောင်းနှင့် ဒေသခံလူမျိုးများမှာ ယခုအချိန်အထိ လူမျိုးရေးခွဲခြားမှု၊ လူလူချင်းခွဲခြားဆက်ဆံခံရမှုတို့နှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်းသိရသည်။ Ref: RT

## သတင်းတိုကဏ္ဍ

### စစ်ပွဲများကြောင့် လက်ဘနွန်မှဆီးရီးယားသို့ ရွှေ့ပြောင်းနေထိုင်ရသူ လေးသိန်းနီးပါးရှိ

လက်ဘနွန်နိုင်ငံ၌ လက်ရှိဖြစ်ပွားနေသောစစ်ပွဲများကြောင့် ဆီးရီးယားနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ရသူဦးရေ လေးသိန်းနီးပါးအထိရှိလာပြီဖြစ်ကြောင်း ဆီးရီးယားလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက Sputnik သတင်းဌာနသို့ ပြောသည်။

"အစ္စရေးက လက်ဘနွန်ကိုတိုက်ခိုက်မှုတွေစတင်လုပ်ဆောင်တဲ့ စက်တင်ဘာလ ၂၂ ရက်ကနေ အောက်တိုဘာလ ၁၈ ရက်အထိ လက်ဘနွန်ကနေ ဆီးရီးယားကိုရွှေ့ပြောင်းလာသူ ၃၉၅၄၈၅ ဦးအထိရှိပါပြီ" ဟု အဆိုပါသတင်းအရင်းအမြစ်ကပြောသည်။

ထိုသို့ရွှေ့ပြောင်းနေထိုင်သူများတွင် လက်ဘနွန်နိုင်ငံသားဦးရေ ၁၂၄၄၅၀ ပါဝင်ပြီး လက်ဘနွန်မှပြန်လာရသည့်ဆီးရီးယားနိုင်ငံသား ၂၇၁၀၃၅ ဦးပါဝင်သည်ဟု အဆိုပါတာဝန်ရှိသူကဆက်ပြောသည်။

အလားတူ ပြီးခဲ့သည့် ၂၆ ရက်အတွင်း ပြည်ပမှရောက်ရှိလာသူ ၂၈၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများအခမဲ့ပေးအပ်ခဲ့ရကြောင်း ဆီးရီးယားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Ref: RT

### THAAD ဒုံးကျည်ကာကွယ်ရေးစနစ် အစ္စရေး၌ရောက်ရှိနေပြီဟု အမေရိကန်ပြော

အမေရိကန်နိုင်ငံထုတ် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုဖြစ်သည့် THAAD စနစ်ကို အစ္စရေးနိုင်ငံ၌ရောက်ရှိနေပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်ကပြောထားသည်။

အထက်ပိုင်းဧရိယာကာကွယ်ရေးစနစ်ဖြစ်သည့် THAAD စနစ်သည် အမေရိကန်တပ်မတော်၏ အလွှာအဆင့်ဆင့်ရှိသောလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေသည်။

လက်ရှိအချိန်တွင် ထိုစနစ်ကိုအသုံးပြုနေခြင်းရှိ မရှိကိုမူ အော်စတင်က အတည်ပြုထားခြင်းမရှိပေ။ သို့သော် ထိုစနစ်ကို အမြန်ဆုံးအသုံးပြုနိုင်ရေးအတွက် လုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းက ယူကရိန်းသို့ရောက်မှီ အောက်တိုဘာလ ၂၁ ရက်တွင်ပြောသည်။

အီရန်က အစ္စရေးအပေါ် ဒုံးကျည်များဖြင့် တိုက်ခိုက်ပြီးနောက် ဒေသတွင်းတင်းမာမှုများမြင့်တက်လာစဉ်အမေရိကန်က ယခုကဲ့သို့ အစ္စရေးလေကာစနစ်ကို အားဖြည့်ပေးခြင်းဖြစ်သည်။ Ref: RTA

### တရုတ်နှင့်အိန္ဒိယတို့က နယ်စပ်ကင်းလှည့်ရေးအစီအစဉ် သဘောတူညီချက်ရ

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဟိမဝန္တာဒေသရှိ နယ်စပ်ဒေသတွင် ကင်းလှည့်ရေးအစီအစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံကြားသဘောတူညီချက်ရရှိထားပြီ ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီရန်မစ္စရီက အောက်တိုဘာလ ၂၁ ရက် တွင်ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ရုရှားနိုင်ငံ၌ပြုလုပ်မည့် BRICS ထိပ်သီးညီလာခံသို့သွားမီ ယခုကဲ့သို့သဘောတူညီချက်ရရှိခြင်းဖြစ်သည်။ မိုဒီသည် ထိပ်သီးညီလာခံ၏ ဘေးပန်းဆွေးနွေးပွဲတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံသွား ရန်စီစဉ်ထားသည်။

ယခုလိုသဘောတူညီချက်ရရှိနိုင်ရေးအတွက် နှစ်နိုင်ငံစလုံးမှ စစ်ဘက်နှင့် သံတမန်ရေးရာတာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးမှုများအကြိမ်ကြိမ်လုပ်ဆောင်ခဲ့ရသည်ဟု မီရန်မစ္စရီကဆက်ပြောသည်။ အဆိုပါနှစ်နိုင်ငံကြား နယ်စပ်ရေးရာနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်များတွင် တစ်ဖက်နှင့်တစ်ဖက်အငြင်းပွားမှုများဖြစ်ပွားခဲ့ကြောင်းသိရသည်။ Ref: RTA

### ဗီယက်နမ်သမ္မတအဖြစ် လွန်ကွန်းရွေးကောက်ခံရ

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းဝန်ရုံးမှ အမြဲတမ်းအဖွဲ့ဝင်တစ်ဦးဖြစ်သည့် လွန်ကွန်းသည် ဗီယက်နမ်နိုင်ငံ၏သမ္မတအဖြစ် အောက်တိုဘာလ ၂၁ ရက်တွင်ရွေးကောက်ခံရကြောင်းသိရသည်။

အမျိုးသားလွှတ်တော်အစည်းအဝေးသို့တက်ရောက်လာသူ ၄၄၀ စလုံးက လွန်ကွန်းကိုသမ္မတအဖြစ်ရွေးကောက်ရန် တင်မြှောက်ရန် သဘောတူလိုက်ခြင်းဖြစ်သည်။ ထို့နောက် လွန်ကွန်းက လွှတ်တော်ရှေ့မှောက်မှာပင် ၂၀၂၁-၂၀၂၆ ခုနှစ်အတွက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

လွန်ကွန်းက သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ၎င်းအနေဖြင့် အဖနိုင်ငံတော်၊ ပြည်သူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သစ္စာစောင့်သိသွားမည်ဖြစ်ကြောင်း၊ ပါတီ၊ နိုင်ငံနှင့်ပြည်သူများကပေးအပ်လာသည့်တာဝန်ကို အစွမ်းကုန်ကြိုးစားထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုထားသည်ဟုသိရသည်။ Ref: VLM

# မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် အမှတ်တရသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ-ရုရှားခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip– FAM Trip) တွင် လိုက်ပါလာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများနှင့် ခရီးသွားအေဂျင်စီများမှ ကိုယ်စားလှယ်များ အမှတ်တရသစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်ကြည့်ရှုအားပေးသည်။



အဆိုပါ စိုက်ပျိုးပွဲသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အရာရှိကြီးများ၊ နေပြည်တော်ရှိဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ-ရုရှားခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များအား ဝန်ကြီးဌာန၏ နီလာအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ မကြာမီကာလတွင် ခရီးသွားရာသီရောက်ရှိလာတော့မည်ဖြစ်၍ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် ခရီးစဉ်များစီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ရုရှားနိုင်ငံရှိလူမှုကွန်ရက်စာမျက်နှာများတွင်သာမက လူသိများသော သတင်းမီဒီယာများမှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဖော်ပြပေးစေလိုကြောင်း၊ နှစ်နိုင်ငံအကြားအားကစားနှင့် စွန့်စားခရီးသွားလုပ်ငန်းဆိုင်ရာလှုပ်ရှားမှုများတွင် ကျွမ်းကျင်ပညာရှင်များနှင့် သတင်းအချက်အလက်များဖလှယ်လိုကြောင်း၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့ပါစေကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူနှင့် Space Travel Agency မှ တာဝန်ရှိသူများက နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ရုရှားနိုင်ငံ၏ ဆောင်းရာသီကာလတွင် ရုရှားအားကစားသမားများ မြန်မာနိုင်ငံ၌ ရက်ရှည်လာရောက်တည်းခိုနေထိုင်၍ လေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ၊ ရုရှားခရီးသွားဧည့်သည်များ ငွေပေးချေမှုနှင့်စပ်လျဉ်း၍ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အသက်အာမခံထားရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်စေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် (၂၃)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိ

**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၂၃) ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီဟနှင့် ပဲခူးမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့၏အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသမှုများ ပြုလုပ်ပေးပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများကလည်း လိုအပ်သည်များကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့်ပတ်သက်၍ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင်အသက်ရှည်စွာ နေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းအပြင် လူနာစောင့်များအတွက် နေ့စဉ်ထမင်းနှင့်ဟင်းအား အထူးသက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး၌ စုစုပေါင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြည့်ဝအခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် စိုစွတ်အခြေအနေ အသီးသီးရှိနိုင်သည်။ **(မိုး/ဇလ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ရခိုင်လူမှုရေးအသင်းများ၊ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် ရခိုင်လူမှုရေးအသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အသင်းအဖွဲ့များအနေဖြင့် အသင်းများ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များ လုပ်ကိုင်ရာ၊ ဆောင်ရွက်ရာတွင် ဥပဒေဘောင်အတွင်း၌ ဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဥပဒေနှင့်အညီ မိမိတို့၏ အသင်းအဖွဲ့ကို တိုင်းဒေသကြီးအဆင့်ထိ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဈေးနှုန်းနှိုင်းယှဉ်ချက်ဖြင့်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းခုနစ်မျိုးနှင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သော လုပ်ငန်းခြောက်မျိုး၏ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံး(အမျိုးသား) အသင်းနှင့် ဖူဆယ် (အမျိုးသား)အသင်းတို့၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ (၅၀၀)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် စိန်ပန်းရပ်ကွက် ဂွမ်းရုံဈေးရပ်နေ မော်ကွန်းဝင် ဒုတိယအဆင့် တပ်သားချစ်မောင်(အငြိမ်းစား)အား အသက် ၁၀၀ နှစ်ပြည့် ဂါရဝပြုထောက်ပံ့ငွေများကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းက သွားရောက်ပေးအပ်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက်၁၀၀ပြည့်မော်ကွန်းဝင်ဒုတိယအဆင့် တပ်သားချစ်မောင်(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌကိုယ်စား မန္တလေးတိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို အတွင်းရေးမှူးက လည်းကောင်း၊ မဟာအောင်မြေမြို့နယ်မှထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း ဂါရဝပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေ ၂၄၅၁၈ ဧကအား မြစ်ရေတင်လုပ်ငန်း ၂၅ ခုမှ အကျိုးပြုနေ





ရန်ကုန် အောက်တိုဘာ ၂၁

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြစ်ရေတင်လုပ်ငန်းများမှ ရာသီအလိုက်သီးနှံများ စိုက်ပျိုးနိုင်ရန် လိုအပ်သော စိုက်ပျိုးရေကို ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစိုက်ပျိုးမြေ ၂၄၅၁၈ ဧကအား မြစ်ရေတင်လုပ်ငန်း ၂၅ ခုမှ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ဆန်စပါးနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးလာသည့် ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါးစိုက်ပျိုးရာသီ၌ သဘာဝဘေး အန္တရာယ်ရေကြီးနစ်မြုပ်မှုကို ဖြတ်သန်းကျော်လွှား၍ စိုက်ပျိုးနိုင်ခဲ့ကြပြီး နိုင်ငံတော်၏လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ဆောင်ရွက်မှုဖြင့် လျှာထားဧကများပြည့်မီရန် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးစိုက်တောင်သူများနှင့်လက်တွဲ၍ ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများနေရာ၌ အချိန်မီအစားထိုး ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။

တောင်သူများအနေဖြင့် မြစ်ရေတင်ရေသောက်စနစ်ကို နွေစပါးကာလ၌ အထူးအားကိုးအားထားပြုကြလေ့ရှိပြီး လိုအပ်သောရေကို ထောက်ပံ့ပို့လွှတ်နိုင်ခြင်းကြောင့် နွေစပါးနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလိုသောတောင်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးကြသည့် တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်နှင့်ခရမ်းမြို့နယ်တို့တွင် ဆိုလာ၊ လျှပ်စစ်ဖြင့် မြစ်ရေတင်လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိသည့် အိုင်ကလောင်၊ အလဘုတ်၊ သပြေတန်း၊ တော်လတီ၊ တောင်ရပ်ဇီးကုန်း၊ ရေပေါ်သောင်၊ ကြို့ကုန်း၊ ငွေ့တန်းရှည်၊ ကျွန်းငူ၊ ကန်ကလေး၊ မြောင်းတကာ၊ စမ်းကြီး၀၊ ဘားလား(၁)၊ ဘားလား(၂)မလစ်၊ ရေကျော်၊ စစ်ပင်၊ ဆင်ဖုန်၊ ငွေနံ့သာ၊ ငမိုးရိပ်၊ လက်ပံ၊ ရဲမွန်၊ ခရမ်းချောင်း၊ ကမာကလူနှင့် ကျုံတုစသည့် မြစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးမြေဧက ၂၄၅၁၈ ဧကအား အချိန်အခါမရွေး ရေပို့လွှတ်မှုဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍအောင်မြင်ဖြစ်ထွန်းစေရန် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ -ဖွဲ့မာန် - သစ္စာ(MNA)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ဘဝနှင့် ကိုယ်ကျိုးရှာအလှူခံ ပြည်ပသို့ရွှေ့ပြောင်းသူများရဲ့တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ၂၃-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကို လုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းကောက်ယူရာတွင် စစ်မှုထမ်းကိစ္စများကိုပါ မေးမြန်းကောက်ယူနေကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းကောက်ယူရာတွင် စစ်မှုထမ်းကိစ္စများကိုပါ မေးမြန်းကောက်ယူနေသည်ဟု မဟုတ်မမှန်သတင်းများကို ပြည်ဖျက်သတင်းမီဒီယာများက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ သန်းခေါင်စာရင်းကောက်ယူမှုကို ပြုလုပ်ခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသူများအတွက် အောက်တိုဘာလ ၃၁ ရက်ထိ တိုးမြှင့်ကောက်ခံနေကြောင်း၊ ထိုသို့စာရင်းကောက်ယူရာတွင် ဝန်ထမ်းများအနေဖြင့် အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း (၆၈)ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း(၁၈)ခုကို တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျမေးမြန်းကောက်ယူလျက်ရှိပြီး အခြားအကြောင်းအရာများကိုမေးမြန်းကောက်ယူခြင်းမရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ပြည့်စုံမှန်ကန်စွာ ပြောကြားခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

ယခုသတင်းသည် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများအပေါ် တရားမဝင် ပြည်ဖျက်မီဒီယာများက မနာလို၊ မရှုဆိတ်ဖြင့် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးသီးနှံစုံ ဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးသီးနှံစုံဧက ၃၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများ စသည့် မိုးသီးနှံစုံစိုက်ဧက ၁၂၈၆၃၃ ဧက စိုက်ပျိုးထားပြီး ယခုအချိန်တွင် ဒေသခံတောင်သူများက ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့သော မိုးသီးနှံများကို ဇူလိုင်လကုန်ပိုင်းမှ စတင်၍ ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ မိုးသီးနှံစုံ ဧက ၃၅၄၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"မိုးသီးနှံတွေရိတ်သိမ်းရာမှာ အထွက်နှုန်းအနေနဲ့ကတော့ မြေပဲတစ်ဧက ၅၄ ဒသမ ၆၈ တင်း၊ နှမ်းတစ်ဧက ၈ ဒသမ ၉၆ တင်း၊ နေကြာတစ်ဧက ၂၉ ဒသမ ၃၂ တင်း၊ ပဲတီစိမ်းတစ်ဧက ၁၉ ဒသမ ၃၀ တင်း၊ ဖူးစားပြောင်း တစ်ဧက ၁၄၃၀၂ ဖူး၊ ကျွဲနွားတိရစ္ဆာန် အစာမှာ တစ်ဧက ၂၃၅၂ ထုံး၊ အခြားစားသုံးသီးနှံတွေဖြစ်တဲ့ ဟင်းသီးဟင်းရွက် တစ်ဧက ၃၅၄၈ ပိဿာ၊ ငရုတ်တစ်ဧက ၆၆၂ ပိဿာ၊ အုန်းတစ်ဧက ၄၁၆၀ ခိုင်၊ ငှက်ပျောတစ်ဧက ၁၄၃၅ ခိုင်၊ သစ်သီးပင် တစ်ဧက ၁၅၃၆၂ လုံး၊ ကွမ်းတစ်ဧက ပိဿာ ၂၃၆၀ ထွက်ရှိခဲ့ပါတယ်။ မိုးသီးနှံတွေ သိမ်းဆည်းခြင်းနဲ့ပတ်သက်ပြီး အထွက်နှုန်းများ လျော့နည်းမှုတွေ မဖြစ်စေရေးအတွက် စနစ်တကျ သိမ်းဆည်းကြဖို့၊ အရည်အသွေးကောင်းတဲ့ သီးနှံများရရှိဖို့ အမိုးအကာအောက်မှာ စနစ်တကျ သိမ်းဆည်းနိုင်ဖို့အတွက် ဒေသခံတောင်သူတွေကို အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

အဆိုပါ မိုးသီးနှံစုံ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲ ၃၆၁၉ ဧက၊ နှမ်း၂၁၉၀၉ ဧက၊ နေကြာ ၅၇၉ ဧက၊ ပဲတီစိမ်း ၂၀၅၉ ဧက၊ ဖူးစားပြောင်း ၁၂၈၉ ဧက၊ ကျွဲနွားတိရစ္ဆာန် အစာ ၃၉၉၂ ဧက၊ အခြားစားသုံးသီးနှံ ၂၀၂၃ ဧက စုစုပေါင်း ဧက ၃၅၄၇၀ တို့ဖြစ်ကြောင်းသိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်



ငဖဲ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇီးတောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဇီးတောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးရေးမှာကြားပြီး ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇီးတောကြီးကျေးရွာ၌ အရှည် ပေ ၃၅၉၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ရှိသည့်မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းမှထောက်ပံ့ငွေကျပ်သိန်း ၁၅၀ နှင့်ပြည်သူများမှထည့်ဝင်ငွေကျပ် ၃၈ သိန်း စုစုပေါင်းငွေကျပ် ၁၈၈ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ဇင်မာ

# ရွှေဘိုခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံ ၁၄၅၂၅ ဧကစိုက်ပျိုးမည်

ရွှေဘို အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံ ၁၄၅၂၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ရွှေဘိုခရိုင်၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်၌ ၃၂၂၆ ဧက၊ ခင်ဦးမြို့နယ်၌ ဧက ၇၂၄၀၊ ဝက်လက်မြို့နယ်၌ ၂၇၉၄ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲ၌ ၁၂၆၅ ဧက စုစုပေါင်း ၁၄၅၂၅ ဧကတို့ဖြစ်သည်။

"ဒီနှစ် လာမယ့်ဆောင်းသီးနှံစိုက်ပျိုးချိန် ရွှေဘိုခရိုင်မှာ မတ်ပဲဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲလျာထားချက် ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်တဲ့နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်သွားမယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အကြမ်းဖက်သမားအယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက် ငွေကြေးတောင်းခံနေသည့် တရားခံများအား ဖမ်းဆီးရမိ

တရားခံ ၂ ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသော ငွေကြေးများ၏မှတ်တမ်းဓာတ်ပုံ။



ကျော်ခိုင်ဦး(၃၀)နှစ်



အေးအေးဝင်း(၂၈)နှစ်



ငွေကျပ် ၃၂၂၀၀၀၀၊ လက်ကိုင်ဖုန်း ၃ လုံး၊ နိုင်ငံကူးလက်မှတ်စာအုပ် ၁ အုပ်။

ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသော ငွေကြေးများဖြင့် ဝယ်ယူထားသော နေအိမ်၏ မှတ်တမ်းဓာတ်ပုံ။



ကျော်ခိုင်ဦးဝယ်ယူထားသည့် နေအိမ်နှင့်ခြံဝင်း။

စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အသိပေးအကြောင်းကြားစာ

ဟာကြူလီ ကားပစ္စည်းဆိုင်
မိသားစု

ကျွန်ုပ်တို့ အကြမ်းဖက် ဖောက်ခွဲရေးအုပ်စုဖြစ်ပြီး လူကြီးမင်း မိသားစုကို ငွေကျပ် (သိန်း ၅၀၀ သိန်း) တိတိကို တောင်းဆိုအပ် ပါသည်။

လူကြီးမင်း မိသားစု ဖက်က အကြောင်းမျိုးမျိုးကြောင့် ပျက်ကွက်ပြီး ကျွန်ုပ်တို့အုပ်စု အဖွဲ့ကိုမလေးစားပြီးညှိနှိုင်းဆက်သွယ်ခြင်းမရှိရင် ငါတို့ တခြားဆိုင်လို အကြမ်းဖက်နည်းနဲ့ဝင်ပြီးပစ်ခက် အကြမ်း နည်းဖြင့်ခုတ်ခြင်း ကိုခံရပါမည်။

(၂၀.၁၀.၂၀၂၄ ရက်နေ့ မနက် ၁၀ နာရီ အတွင်း ကိစ္စပြီးစီးရပါမည်။ ပျက်ကွက်ပါက ခင်များ တခြားဆိုင်လိုမိသားစုအသက်နဲ့ဒဏ်ရာ နဲ့ညှိ နှိုင်းဆက်သွယ်ခြင်းနဲ့လုံ့လုပ်ကြတာပေါ့နော့)

ညှိနှိုင်းဆက်သွယ်ရန်
ဖုန်း
09 942455236





အိမ်ဝယ်ယူထားရှိမှုစာချုပ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

အကြမ်းဖက်သမားအယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက် ငွေကြေးတောင်းခံနေသူ **ကျော်ခိုင်ဦး**သည် ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာတွင် ရောက်ရှိနေကြောင်း မတရားမှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် နေ့လယ်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာ၊ ခေတ္တာလမ်း၊ အမှတ်(၂၂၆)၌ **ကျော်ခိုင်ဦး**နှင့် ၎င်း၏ တရားမဝင်ဇနီးဖြစ်သူ **အေးအေးဝင်း**တို့ ၂ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ခိုင်ဦး၏ ထွက်ဆိုချက်အရ ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကျောက်မဲမြို့နယ်၊ ပန်မောက်ကျေးရွာ၌ နေထိုင်စဉ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ အဓမ္မလူသစ်စုဆောင်းသဖြင့် ၎င်းအဖွဲ့ထံဝင်ရောက်ခဲ့ရပြီး ၂၀၁၆ ခုနှစ်တွင် ဆက်လက်နေထိုင်လိုခြင်းမရှိသဖြင့် ပြန်လည်ထွက်ပြေးခဲ့ကြောင်း၊ ၎င်းနောက် ပင်လောင်းမြို့နယ်၊ နှောင်မီးကားကျေးရွာ၌ ဆိုင်ကယ်ပြင်ဆိုင် ဖွင့်လှစ်နေထိုင်၍ လိုင်စင်မဲ့မော်တော်ယာဉ်များ ရောင်းဝယ်ခြင်းလုပ်ငန်းအား လုပ်ကိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှစ၍ Chrome Software မှတစ်ဆင့် Myanmar Business Directory Application အား အသုံးပြုကာ စီးပွားရေးလုပ်ငန်းရှင်များ၏ ဖုန်းနံပါတ်များအားရှာဖွေ၍ ၎င်းသည် အကြမ်းဖက်ဖောက်ခွဲရေးအုပ်စုမှဖြစ်ကြောင်း၊ တပ်၊ ရဲ၊ ပြည်သူ့စစ်နှင့် အခြားအဖွဲ့အစည်းများအား တိုင်တန်းပါက သတ်ဖြတ်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆို၍ ငွေကြေးများ တောင်းခံခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်အထိ စီးပွားရေးလုပ်ငန်းရှင်များထံမှ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုအနေဖြင့် လားရှိုးမြို့မှ ၄ ဦး၊ သီပေါမြို့မှ ၁ ဦး၊ မူဆယ်မြို့မှ ၅ ဦး၊ နမ့်ခမ်းမြို့မှ ၂ ဦး၊ တောင်ကြီးမြို့မှ ၁ ဦး၊ လွိုင်ကော်မြို့မှ ၁ ဦး၊ ပြင်ဦးလွင်မြို့မှ ၄ ဦး၊ နောင်ချိုမြို့မှ ၁ ဦး၊ မန္တလေးမြို့မှ ၈ ဦး၊ စုစုပေါင်း စီးပွားရေးလုပ်ငန်းရှင် ၂၇ ဦးတို့ထံမှ ခြိမ်းခြောက်၍ ငွေကျပ် ၂၂၃၀၀၀၀၀ တောင်းခံခဲ့ကြောင်း၊ ရရှိငွေကြေးများအား ယာဉ်အမှတ်၊ YGN-13 9Q/9165 Soueast ယာဉ်အား ငွေကျပ်သိန်း ၄၀၀ ဖြင့်လည်းကောင်း၊



ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသော ငွေကြေးများဖြင့် ဝယ်ယူထားသော YGN-13 9Q/9165 နံပါတ်ပါ Soueast DX-7 မော်တော်ယာဉ်၏မှတ်တမ်းဓာတ်ပုံ။

မိုးကြိုးပစ်ကျေးရွာရှိ နေအိမ်အား ငွေကျပ်သိန်း ၁၄၀၀ ဖြင့်လည်းကောင်း ဝယ်ယူခဲ့ပြီး ကျန်ငွေများအား လောင်းကစားခြင်း၊ သောက်စားပျော်ပါးခြင်းများတွင် ကိုယ်ကျိုးသုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ရိုးသားမှန်ကန်စွာ လုပ်ကိုင်စားသောက်နေထိုင်သော အများပြည်သူများအား ခြိမ်းခြောက်ငွေကြေးတောင်းခံသည့် တရားခံများကို တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ခြိမ်းခြောက်ငွေကြေးတောင်းခံရပါက အလွယ်တကူမယုံကြည်ကြရန်နှင့် ထိုသို့ဆောင်ရွက်နေသူများအား ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူတရားခံများ၏ သတင်းအား ရရှိပါက ၎င်းတို့အား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၀/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ (Phase-1), CP 103 (ညောင်လေးပင်-တောင်ငူ)လမ်းပိုင်း၊ ပဲနွယ်ကုန်းဘူတာအသစ်တည်ဆောက်ခြင်း (108'-6" x 22'-6") (Steel Column, Brick Walling, Amcan Sheet, Fire Fighting System, Landscaping လုပ်ငန်း၊ BioSeptic နှင့် အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း (ရေ၊ မီးအပါ)၊ (နှစ်ဆက်လုပ်ငန်း) |
| ၂ | ၂၇၁/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ သမိုင်း-သမိုင်းမြို့သစ်-ကြို့ကုန်း ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၈၅၀-ပေ) |
| ၃ | ၂၇၂/မမ/CE | ဟံသာဝတီ-လှည်းတန်း-ကမာရွတ်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၆၅၀-ပေ) |
| ၄ | ၂၇၃/မမ/CE | ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ အင်းစိန်ဘူတာနှင့် ကြို့ကုန်းဘူတာကြားရှိ အင်းစိန် DRC စက်ရုံအုတ်ခြံစည်းရိုးကာရံခြင်း(၁၁၂၄-ပေ)လုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၄-၁၁-၂၀၂၄)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၁-၁၀-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် မြို့နယ်၊ ဌာနအသီးသီးမှ အပ်နှံထားသည့် ဆယ်တင်ပစ္စည်းများမှ ပြန်လည်အသုံးပြု၍မရတော့သည့် HDBC/HDSC ကြိုး၊ ACSR ကြိုး၊ မြေအောက်ဓာတ်ကြိုး(ဆိုဒ်စုံ)တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။

၂။ လေလံပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၃-၁၀-၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ လေလံပိတ်ရက်မှာ (၇-၁၁-၂၀၂၄)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်(ပန်းဆိုးတန်းလမ်းမှ လိပ်ကန်ခွဲရုံအထိ)ကောင်းကင်ဓာတ်အားလိုင်းများအစား မြေအောက်ဓာတ်ကြိုးများဖြင့် ပြောင်းလဲချမြှုပ်ခြင်းလုပ်ငန်းအတွက် ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၂-၁၀-၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၆-၁၁-၂၀၂၄)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ဖခင်ဖြစ်သည်မှာမှန်ကန်ကြောင်း

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၄၁)နေ ၇/တငန(နိုင်)၁၃၇၈၂၀ ကိုင်ဆောင်သူ ဦးအောင်မင်း(ခ)ဦးချစ်စိန်သည် ဦးသန်းထွန်းအောင်၏ဖခင်ဖြစ်သည်မှာ မှန်ကန်ပါသည်။

### ပျောက်ဆုံးကြောင်း

ထက်အောင်(ဘ)ဦးကျော်ကျော်ဆန်း ၁၂/ဒဂတ(နိုင်)၁၀၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 784575)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ကျော်စွာသွင်(ဘ)ဦးဟန်သွင် ၈/ခမန(နိုင်)၀၃၉၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

မင်းဆက်လှိုင်(ဘ)ဦးယာမျိုးလှိုင် ၇/နတလ(နိုင်)၁၇၂၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 739333)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၃၆၅၃၆၄

### ပျောက်ဆုံးကြောင်း

ကောင်းစံဦး(ဘ)ဦးမြင့်နိုင် ၈/ရစက(နိုင်)၂၄၄၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 783030)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၉၆၅၀၀၅

### ပျောက်ဆုံးကြောင်း

အောင်ဇေယျ(ဘ)ဦးဝင်းဗိုလ် ၅/ခဥတ(နိုင်)၀၉၉၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 822481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၆၃၁၄၈၃

### ပျောက်ဆုံးကြောင်း

သီဟထွန်း(ဘ)ဦးကုလား ၉/တသန(နိုင်)၂၃၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 529706)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၀၀၅၆၄

### ပျောက်ဆုံးကြောင်း

အောင်သူရ(ဘ)ဦးအောင်သိန်း ၁၄/ဖပန(နိုင်)၁၂၅၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၃၀၆၁၀၀

### ပျောက်ဆုံးကြောင်း

လားရှိသွားငါ(ဘ)ဦးလားရှိပွီးယာ ၅/ကလထ(နိုင်)၂၃၄၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 678033)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၆၄၆၆၇၅၁

### ပျောက်ဆုံးကြောင်း

ကျော်ဇင်ဦး(ဘ)ဦးရင်ငွေ ၁၂/တကန(နိုင်)၁၉၅၇၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 039443)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၈၀၁၁၆၇၅

### ပျောက်ဆုံးကြောင်း

ချိုချိုမော်(ဘ)ဦးထန်အုပ် ၄/မတမ(နိုင်)၀၃၂၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၄၇၂၄၃၀

### ပျောက်ဆုံးကြောင်း

မြင့်ကိုနိုင်(ဘ)ဦးမြင့်ဦး ၁၄/ဟကက(နိုင်)၀၂၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

မြတ်သူ(ဘ)ဦးမြင့်စိန် ၁၂/ဒပန(နိုင်)၀၅၀၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ အထက်ငွေ့ကြီးကျေးရွာနေ သန္တာမျိုးလှိုင်(ဘ)ဦးအောင်မင်းစိုး ၇/ဝမန(နိုင်)၁၇၇၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာနေ မောင်သက်ဦး(ဘ)ဦးဆန်းမြင့်ဦး ၇/ပခန(နိုင်)၂၉၀၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့၊ တံခွန်တိုင်ကျေးရွာနေ နန့်အေးအေးမြိုင်(ဘ)ဦးမောင်ကြာညွန့် ၁၄/မမန(နိုင်)၂၁၅၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဇော်နီထက်(ဘ)ဦးသာအေး ၉/ရမသ(နိုင်) ၂၂၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက်ရငွေများဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ကန်ထရိုက်တိုက်များ ဓာတ်အားရရှိရေးအတွက် လိုအပ်သောပစ္စည်း(၄)မျိုးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၃-၁၀-၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇-၁၁-၂၀၂၄)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း

ဝမ်တင်ကွဲ(ဘ)ဦးမြင့်ချိန် ၁၃/လရန(နိုင်)၂၃၆၈၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

အိအိထွေး(ဘ)ဦးကျော်တင့် ၅/ရဥန(နိုင်)၁၁၆၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ဝင်းထက်ဇော်(ဘ)ဦးသန်းဇော် ၁၀/ကထန(နိုင်)၁၉၂၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၀၇၄၄၅၄

### ပျောက်ဆုံးကြောင်း

နော်လယ်စေးဖေါ(ဘ)စောဂေးမူး ၁၄/ပေတ(နိုင်)၂၅၈၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

### ပျောက်ဆုံးကြောင်း

ငြိမ်းအိဖြူ(ဘ)ဦးဝင်းမောင် ၈/နမန(နိုင်)၂၄၀၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 574655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၂၆၆၈၆၅၀

### ပျောက်ဆုံးကြောင်း

ဇေယျာဖြိုး(ဘ)ဦးစိန်လှိုင် ၁၂/ဒဂတ(နိုင်)၀၇၀၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 037186)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၅၃၉၄၇၀

### ပျောက်ဆုံးကြောင်း

အောင်အောင်(ဘ)ဦးကျော်ငွေ ၈/နမန(နိုင်)၂၃၈၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 670554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၆၀၁၉၂၈

### ပျောက်ဆုံးကြောင်း

ချစ်ရအောင်(ဘ)ဦးအောင်ဝင်း ၉/တသန(နိုင်)၂၀၄၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 933278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၂၂၄၂၅၂

### ပျောက်ဆုံးကြောင်း

မြတ်မေဇင်ဖူး(ဘ)ဦးဟန်မင်းချို ၇/ပခန(နိုင်)၃၁၃၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

သစ္စာအောင်(ဘ)ဦးဝင်း ၁၂/ဥကမ(နိုင်)၂၃၁၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 578257)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ချမ်းမြေ့အောင်(ဘ)ဦးအောင်ကျော်သန်း ၁၂/မဂဒ(နိုင်)၁၄၇၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၀၉၆၁၉၁

### ပျောက်ဆုံးကြောင်း

ခင်ဇော်နွယ်(ဘ)ဦးရွှေလှ ၁၁/ကဖန(နိုင်)၀၈၂၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ချမ်းပြည့်ဖြိုး(ဘ)ဦးမြင့်သိန်း ၇/နတလ(နိုင်)၁၃၆၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အိဖြူကျော်(ဘ)ဦးဝင်းမြင့် ၇/သနပ(နိုင်)၁၆၄၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 449110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၄၃၅၅၀

### ပျောက်ဆုံးကြောင်း

ဒေါ်ဂျူးလီယက်(ဘ)ဦးမောင်ဦး ၂/ဒမဆ(နိုင်)၀၅၁၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 481356)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

သီတာထွေး(ဘ)ဦးကိုကိုကြည် ၁၂/ပဘတ(နိုင်)၀၀၂၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 738081)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၇၇၃၉၃၈

### ပျောက်ဆုံးကြောင်း

ထားရီ(ဘ)ဦးအာရိယ ၁၃/ကမန(နိုင်)၀၆၁၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၂၀၁၃၉၉

### ပျောက်ဆုံးကြောင်း

ငြိမ်းငြိမ်းအေး(ဘ)ဦးတင်နွဲ့ ၁၂/တကန(နိုင်)၁၇၁၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 842012)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ငွေတိုး(ဘ)ဦးကျော်ဝ ၉/ရမသ(နိုင်)၁၆၄၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းနိုင်(ဘ)ဦးတင်ဝေ ၉/ရမသ(နိုင်)၁၈၄၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ အထက်ငွေ့ကြီးကျေးရွာနေ သန်းထိုက်အောင်(ဘ)ဦးအောင်ဆန်းထွန်း ၅/ကနန(နိုင်)၁၁၉၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ နတ်စုံးမှော်အုပ်စု၊ နတ်စုံးမှော်ရွာနေ မမြနှင်း(ဘ)ဦးဝင်းစိန် ၉/ပဘန(နိုင်)၂၂၈၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၅၂၁၄၁၀၆

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်   အောက်တိုဘာ   ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၃၇ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၁၃ ပေလျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၁၈) ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

(သတင်းစဉ်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၁.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၈၆၃၉ | ၆၂၆.၇၆ | ၅၆၃၈၆၈ | ၁၇၄၄၀ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၃၇ | ၁၇၁၄ | ၀.၁၄ | ၆၂၆.၈၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၄၁ | ၆၂၇.၀၀ | ၂၈၁၇၀ | - | ၈.၀၀ | ၈၃၃၀ | - | - | ၀.၃၀ | ၆၂၆.၇၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၃ | ၅၁၈.၆၅ | ၈၈၀၈၅ | ၂၇၀ | ၁.၃၅ | ၃၆၈၅ | - | - | ၀.၆၉ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၅ | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | ၀.၉၃ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၀၁ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၅ | ၁.၂၀ | ၃၆၀၀ | - | - | ၀.၂၀ | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂ | ၅၃၄.၅၁ | ၇၃၀၃၀ | - | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၃၂ | ၄၁၅.၉၅ | ၇၅၆၁ | ၁၁ | ၂.၀၅ | ၁၁၅၇ | - | - | ၀.၄၀ | ၄၁၅.၉၂ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၄၅ | ၁၀၇၁၅၁ | ၉၅ | ၆.၅၅ | ၃၅၉၃၉ | - | - | - | ၇၀၃.၄၇ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၈) ချပ်ထောင်ထားပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်   အောက်တိုဘာ   ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**အောက်တိုဘာလ ၁၅ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကိုလည်းကောင်း၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဂွေးချိုကျေးရွာလမ်းဆုံ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၇၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Harrier မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) တို့ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၂၂ ဒသမ ၅၇၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၅၅၆၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၁၇ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် မီးသွေး (၆ ဒသမ ၅၃)တန်နှင့် အခြားသစ် (၃ ဒသမ ၈၇)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၄၄၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၂၀ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၂၁ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂/၅ အနီး၌ တရားမဝင် ကျွန်းသစ်(သုည ဒသမ ၇၃၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၄၁၆၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Hyundai Starex (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၄၄၁၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၈၆၆၁၇၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# မန်စီးတီးအသင်းက အသင်းစံချိန်ဟောင်းတစ်ခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိပွဲဆက်အများဆုံးစံချိန်ကို ကျော်ဖြတ်နိုင်



မန်ချက်စတာ အောက်တိုဘာ ၂၁

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ကစားသည့် ဝုဗ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ၎င်းတို့အသင်းတင်ထားခဲ့သော စံချိန်ဟောင်းတစ်ခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိ ပွဲဆက်အများဆုံးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ၂၀၁၈ ခုနှစ်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၃၀ ဆက် ရှုံးပွဲမရှိအောင် စံချိန်တင်ထားခဲ့ခြင်းဖြစ်ပြီး ယခုဘောလုံးရာသီတွင် ဝုဗ်အသင်းကိုအနိုင်ရရှိပြီးနောက် တစ်ပွဲအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ဝုဗ်အသင်းနှင့် ကစားသည့်ပွဲစဉ်တွင် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ဝုဗ်အသင်းကို ဦးဆောင်ဂိုးပေးခဲ့ရသော်လည်း ပွဲချိန် ၃၃ မိနစ်တွင် ဂါ့ဗယ်ဒီလိုက အသင်းအတွက် ချေပဂိုးသွင်းယူနိုင်သကဲ့သို့ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနောက်ဆုံး ၅ မိနစ်တွင် ဂွါန်စတုန်းက အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၁ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ကစားသည့် အက်စ်တွန်ဗီလာအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၁ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အဆိုပါ ၃၁ ပွဲတွင် ၂၅ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ကာလရှည်ပွဲပယ်ခံထားရသည့် ပေါ့ဂ်ဘာနှင့် စာချုပ်ဖျက်သိမ်းရန်နီးစပ်လျက်ရှိနေကြောင်း ဂျူဗင်တပ်စ်အသင်း အားကစားဒါရိုက်တာ ဂျီယွန်တိုလီအတည်ပြု

ရောမ အောက်တိုဘာ ၂၁

ဂျူဗင်တပ်စ်အသင်းအားကစားဒါရိုက်တာ ဂျီယွန်တိုလီက ကာလရှည်ပွဲပယ်ခံထားရသည့် ကွင်းလယ်ကစားသမားပေါ့ဂ်ဘာနှင့် စာချုပ်ဖျက်သိမ်းရန် နီးစပ်လျက်ရှိနေကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၃၁ နှစ်အရွယ် ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ဘောလုံးရာသီက တားမြစ်ဆေးသုံးစွဲခဲ့သည့်အတွက် ဘောလုံးလောကနှင့် လေးနှစ်ပတ်သက်ခြင်းမပြုလုပ်ရန် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးနောက် ကာလရှည်အနားယူနေခဲ့ရသော်လည်း ပေါ့ဂ်ဘာက ပြစ်ဒဏ်အတွက် အပြည်ပြည်ဆိုင်ရာ အားကစားခုံရုံးထံ အယူခံဝင်ရောက်ခဲ့ရာ အယူခံအောင်မြင်ခဲ့ပြီး လေးနှစ်မှ ၁၈ လပြစ်ဒဏ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့သည့်အတွက် ပေါ့ဂ်ဘာအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဂျူဗင်တပ်စ်အသင်းနှင့်ပြန်လည်ပူးပေါင်းခွင့်ရရှိမည်ဖြစ်ကာ မတ်လတွင် ဘောလုံးပွဲစဉ်များ ပြန်လည်ကစားနိုင်မည်ဖြစ်သည်။

ပေါ့ဂ်ဘာကိုယ်တိုင်က ပြစ်ဒဏ်မှလွတ်မြောက်လျှင်လည်း ဂျူဗင်တပ်စ်အသင်းတွင် ဆက်လက်ကစားရန်ဆန္ဒမရှိသကဲ့သို့ ဂျူဗင်တပ်စ်အသင်းကလည်း တားမြစ်ဆေးသုံးစွဲခဲ့သည့် ပေါ့ဂ်ဘာကို အသင်းတွင် ဆက်လက်မထားလိုတော့သည့်အတွက် နှစ်ဖက်ကြား စာချုပ်ဖျက်သိမ်းရန် ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း လက်ရှိအချိန်ထိ ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ ကြန့်ကြာနေခြင်းဖြစ်သည်။

ဂျီယွန်တိုလီက"ပေါ့ဂ်ဘာက ထိပ်တန်းကစားသမားတစ်ဦးဆိုပေမယ့် သူနဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာ မတူညီတဲ့အစီအစဉ်တွေရှိနေပါပြီ။ သူနဲ့စာချုပ်ဖျက်သိမ်းဖို့အတွက်လည်း နီးစပ်နေပါပြီ။ အသင်းမှာ ကစားသမားအင်အားလုံလောက်နေပါပြီ" ဟု ပြောသည်။

*Ref;Fabrizio Romano*

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ဖိတ်ကြားမှုကြောင့် ၂၀၂၅ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို အင်တာမိုင်ယာမီအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ




မိုင်ယာမီ အောက်တိုဘာ ၂၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)က အင်တာမိုင်ယာမီအသင်းကို ၂၀၂၅ ခုနှစ် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ကစားရန် ဖိတ်ကြားခဲ့သည့်အတွက် အင်တာမိုင်ယာမီအသင်းအနေဖြင့် ၂၀၂၅ ခုနှစ် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမေရိကန်နိုင်ငံကိုယ်စားပြု ကလပ်အသင်းတစ်သင်းကို ဖိတ်ခေါ်ကစားခွင့်ပေးနိုင်သည့်အတွက် လက်ရှိတွင် ထိပ်တန်းကစားသမားများဖြစ်သည့် မက်ဆီ၊ ဆွာရက်ဇ်၊ ဘတ်စ်ကွက်နှင့် အယ်လ်ဘာတို့ ပါဝင်ကစားနေသည့် အင်တာမိုင်ယာမီအသင်းကို ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းပူးတွဲပိုင်ဆိုင်ထားသည့် အင်တာမိုင်ယာမီအသင်းသည် ၂၀၁၈ ခုနှစ်ကမှ အသင်းကို စတင်တည်ထောင်ထားခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက မက်ဆီကိုခေါ်ယူခဲ့ပြီးနောက် မက်ဆီနှင့် ဘာစီလိုနာအသင်းဖော်ဟောင်းများ ဖြစ်ကြသည့် ဆွာရက်ဇ်၊ ဘတ်စ်ကွက်နှင့် အယ်လ်ဘာတို့ကိုခေါ်ယူခဲ့ပြီးနောက် ထိပ်တန်းအသင်းတစ်သင်းဖြစ်လာခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း လိဂ်ရှုံးထွက်ဖလားဆွတ်ခူးနိုင်ခဲ့သည့်အပြင် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။

အလားတူ ယခုဘောလုံးရာသီတွင်လည်း မေဂျာလိဂ်ပြိုင်ပွဲ(အရှေ့ပိုင်းဇုန်)တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အပြင် ၃၄ ပွဲကစားခဲ့ရာ ၂၂ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၇၄ မှတ် ရရှိခဲ့သည့်အတွက် ဇုန်နှစ်ခု၏ ရမှတ်အများဆုံးဆုဖြစ်သည့် MLS Supporters Shield ကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

အင်တာမိုင်ယာမီအသင်းသည် အသင်းသမိုင်းတစ်လျှောက် 2024 MLS Cup ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ကစားခွင့်ရရှိမည့်အပြင် ၂၀၂၅ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း အမေရိကန်နိုင်ငံကိုယ်စားပြု ကလပ်အသင်းအဖြစ် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# အင်္ဂလန်အသင်းတွင် ကစားခွင့်ရရှိရန် နည်းပြတူချယ်လ်နှင့် ဆွေးနွေးလိုကြောင်း တိုက်စစ်ကစားသမား ဂရင်းဝုဒ်ပြောကြား

လန်ဒန် အောက်တိုဘာ ၂၁

မာဆေးလ်အသင်းတိုက်စစ်ကစားသမား ဂရင်းဝုဒ်က အင်္ဂလန်အသင်းတွင် ပြန်လည်ကစားခွင့်ရရှိရန် နည်းပြသစ် တူချယ်လ်နှင့် ဆွေးနွေးမှုများလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဂရင်းဝုဒ်သည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၂၀ ခုနှစ်က ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် တစ်ပွဲကစားပြီးနောက် ကိုဗစ်စည်းမျဉ်းများ ချိုးဖောက်ခဲ့သည့်အတွက် အင်္ဂလန်အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

နောက်ပိုင်းတွင်လည်း ဂရင်းဝုဒ်သည် မန်ယူအသင်းတွင်ကစားစဉ်က အမှုကိစ္စရပ်များရင်ဆိုင်ခဲ့ရသောကြောင့် မန်ယူအသင်းကစားသမားစာရင်းမှ ကာလရှည်ထုတ်ပယ်ခံခဲ့ရသည့်အတွက် အသင်းတွင် ပြန်လည်ကစားလိုနေခြင်းဖြစ်သည်။

လက်ရှိတွင် ဂရင်းဝုဒ်သည် မာဆေးလ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး အင်္ဂလန်အသင်းတွင် ပြန်လည်ကစားလိုသည့်အတွက် နည်းပြတူချယ်လ်နှင့် ဆွေးနွေးလိုနေကြောင်း သိရသည်။

*Ref;Sky Sports*


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
RHINO CEMENT
တစ်သက်တာလုံးကြံ့ခိုင်ဖို့
PREMIUM QUALITY CEMENT
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
RHINO
သုံးကြစို့....
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


Lpm
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

- ❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့်ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ. . .**
- ❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၂ သန်းပြည့်မြောက်သည့်ဘုရားဖူးပြည်သူအား ဗမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

စာ - ၆ သို့



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၂ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် မကေဇော်ရှင်းသန့်နှင့် မိဘဖြစ်သူများအား ဗမ္မလက်ဆောင်များနှင့်အတူတွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)သင်တန်း ဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

စာ - ၁၂ သို့

## နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းများ

ဆောင်းပါး စာ - ၁၁ သို့

## မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ် အပတ်စဉ်ပျံသန်းပြေးဆွဲမည်

စာ - ၁၄ သို့

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက်နေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို အောက်တိုဘာလ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-Parliament၊ MRTV-NRC၊ MWD HD၊ MWD Variety HD Channel များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း အောက်တိုဘာလ ၂၃ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ် ပိုမိုအားကောင်းလာကာ **စာမျက်နှာ ၁၄ ကော်လံ ၁ ⏭**

